ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 1 October 2024 ၁၁၅၉၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံတစ်ဝန်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း ယနေ့မွန်းလွဲမှ အောက်တိုဘာ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**ယနေ့မွန်းလွဲမှ ၅-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




## ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၈/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ် အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်းပါဝင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ရှစ်ခုကို ခွင့်ပြု**

စာမျက်နှာ » ၃

**နိုင်ငံရေးနှင့် နိုင်ငံ့အရေး**

ဆောင်းပါး စာမျက်နှာ » ၆

**တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် သန်းခေါင်စာရင်း**

ဆောင်းပါး စာမျက်နှာ » ၁၈

# လယ်ဝေးမြို့နယ်အတွင်းရှိ ရေနစ်မြုပ်ခဲ့သည့်ကျေးရွာများတွင် အထူးကုဆရာဝန်ကြီးများက နယ်လှည့်ကွင်းဆင်းကုသပေးလျက်ရှိ

**လယ်ဝေး စက်တင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းဘေးဝဲယာရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်သည့် ကျေးရွာများတွင် ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ ပြည်သူများ ပြန်လည်နေထိုင်ရန်အတွက် ဌာနဆိုင်ရာများက ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၈ နာရီမှစ၍ လယ်ဝေးမြို့ ခုတင် ၁၀၀ ဆေးရုံမှ အထူးကု ဆရာဝန်(အရိုး)နှင့် လက်ထောက်ဆရာဝန်များပါဝင်သော အဖွဲ့သည် ဟေမာန်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာ အထွေအထွေရောဂါလူနာ ၅၅ ဦး၊ အရိုးလူနာ ၂၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက် ကုသပေးခဲ့သည်။

တို့အတူ မြောင်းမြကျေးရွာ၊ ဆီဆုံကုန်းကျေးရွာတို့တွင်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆေးကုသပေးခြင်း၊ ကလိုရင်းခပ်ခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**



ကြေးမုံ

# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့

ယနေ့သည် နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး အတူတကွ ပူးပေါင်းပြီး ညီညွတ်သောအင်အားကို စတင်ထုတ်ဖော်ပြသည့်နေ့ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အမှန်တည်ရှိနေသော လူဦးရေနှင့်အိမ်အကြောင်းအရာ ကိန်းဂဏန်းအချက်အလက်များကို အောက်တိုဘာလ ၁ ရက်နေ့(ယနေ့)မှ ၁၅ ရက်နေ့အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူနေကြပြီဖြစ်သည်။ တစ်မျိုးသားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်းတက်ညီလက်ညီ ဆောင်ရွက်ကြသည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ကိန်းဂဏန်းအချက်အလက်များကို မှန်မှန်ကန်ကန်ထုတ်ဖော်နိုင်ရန်အတွက် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ မေးခွန်းများကို စာရင်းကောက်၊ စာရင်းစစ်အဖွဲ့များက မေးမြန်းကောက်ယူသွားမည်ဖြစ်ရာ မေးခွန်းများကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေကြားပေးသွားပါရန် မေတ္တာရပ်ခံအပ်ပါသည်။ မေးခွန်းများကို မေးမြန်းကောက်ယူခြင်းသည် အစိုးရအတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိတို့ သားစဉ်မြေးဆက်အတွက်၊ နိုင်ငံတော်၏ အနာဂတ်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အသိပေးလိုပါသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အနည်းဆုံး(၁၀)နှစ်စာ စီမံဆောင်ရွက်နိုင်မည့် အခြေခံကျသော အချက်အလက်များရရှိစေနိုင်သည့် အကျိုးရှိသောလုပ်ငန်းဖြစ်သည်။ ကိန်းဂဏန်းအချက်အလက်များသည် ယခုအစိုးရလက်ထက်သာမက နောင်လာမည့် အစိုးရအဆက်ဆက်အထိ လက်ဆင့်ကမ်းအမွေပေးနိုင်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်၊ ပြည်သူများ၏ မျှော်လင့်ချက်၊ ပြည်သူများ၏ လိုအပ်ချက်များကို ပုံဖော်ပေးနိုင်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် အသိပေးလိုပါသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ပြည်သူများကြားတွင် နားလည်သဘောပေါက်မှု လိုအပ်ချက်များရှိမည်ဖြစ်သလို အချို့အနေဖြင့် စိုးရိမ်မှုများလည်း ရှိကြမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်းမပြုရဟု အတိအလင်းပြဋ္ဌာန်းထားသည်။ ဥပမာအားဖြင့် စာရင်းကောက်ယူခြင်းမှ သိရှိရသော ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခွန်ကောက်ခံခြင်း၊ အရေးယူခြင်းတို့ လုံးဝ လုံးဝ ပြုလုပ်မည်မဟုတ်ပေ။ နေအိမ်မှ ပြည်ပသို့ရောက်ရှိနေခြင်းနှင့်ပတ်သက်၍ အကြောင်းရင်းကို မေးမြန်းမည်မဟုတ်ဘဲ အခြေအနေမှန်ကိုသာ ဖြေကြားပေးရန်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်သည့် ရည်ရွယ်ချက်နှင့် အကျိုးရလဒ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာလ ၁ ရက်နေ့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ်အဖြစ် ပြည်သူသို့ ဗီဒီယိုမိန့်ခွန်းဖြင့် ရှင်းလင်းပြောကြားထားပြီးဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မည်ဆိုလျှင် ထိုနိုင်ငံမှ ထုတ်ပြန်ထားသော လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ဆန်းစစ်လေ့လာခြင်းဖြင့် သိရှိနိုင်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံး၏ စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို တိတိကျကျ မှန်မှန်ကန်ကန်ရရှိရေးသည် အလွန်အရေးကြီးသည်။ စာရင်းအင်းဆိုင်ရာအချက်အလက်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ပြသည့် နိုင်ငံ့ကြေးမုံပြင်ဟု တင်စားခေါ်ဆိုနိုင်သည်။

သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံအတွက် အရေးပါသည့် အချက်အလက်များဖြစ်သလို ပြည်သူတစ်ဦးချင်းအတွက်လည်း အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စများကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းစသည့်လုပ်ငန်းများကို ဖော်ဆောင်ရာတွင် အခြေခံကျသည့် အချက်အလက်များရရှိစေသည်။ ပြည်သူများအတွက် စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ လမ်းတံတားများ စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများအတွက် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော အချက်အလက်များသည် များစွာအထောက်အကူပြုသည်။

သို့ဖြစ်ရာ နိုင်ငံ၏ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကြီးကို ကိုယ့်ခွန်ကိုယ့်အား ပြည်တွင်းအားဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွ စတင်ဆောင်ရွက်နေပြီဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း မိမိတို့အကျိုး၊ နိုင်ငံ့အကျိုးအတွက် ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှပေးပို့ ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိ၍ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိသည်။ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ နေ့စဉ် ၁ မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ဗဟန်းမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၃၀**



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ဗဟန်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် ဗဟန်းမြို့နယ် အထူးအုပ်စုအဖြစ် ငါးထပ်ကြီးအနောက်ရပ်ကွက်ရှိ အကယ်ဒမီအဆင့်မြင့် ညေ့ရိပ်သာတွင် လက်တွေ့ ကွင်းဆင်းကောက်ယူနေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းကောက်ယူရာတွင် သန်းခေါင်စာရင်းကောက်များမှ လူဦးရေနှင့်အိမ်အကြောင်းရာစာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရပ်ကွက်အတွင်း အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာများ မေးမြန်းကောက်ယူနေမှုများကို ဗဟန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူး ဦးခင်မောင်သန်းနှင့် မြို့နယ် သန်းခေါင်စာရင်း ကော်မတီဝင်များက လှည့်လည်အားပေး ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၇၀၀ | ၃၀၁ | ၂,၆၄၇,၃၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၁,၄၂၃ | ၄,၉၀၉,၃၅၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၁၆ | ၁၄၄,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၅၉ | ၁၁၅,၀၅၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၁၀၀ | ၂၉၅,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၈၂၁ | ၁,၃၉၈,၈၅၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၅၅၀ | ၂,၄၇၅,၀၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၄၆၂ | ၁,၅၉၃,၉၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို ခွင့်ပြု

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



**လုပ်ငန်းအသစ်ရှစ်ခု ခွင့်ပြုပေး**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၅၅ သန်းနှင့် ငွေကျပ် ၄၆၀၀၅ ဒသမ ၂၂၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၉၇၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံး မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ပါဝင်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ယနေ့မွန်းလွဲမှ ၅-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ**




■ **ရှေ့ဖုံးမှ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## သာစည်မြို့နယ်၌ ရေဝင်ရောက်ခဲ့သည့် စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် သန့်ရှင်းရေးဆောင်ရွက်

**သာစည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရေကြီးရေလျှံပြီး ရေဝင်ရောက်ခဲ့သည့် အုတ်ကုန်းကျေးရွာမူလတန်းလွန်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် စက်တင်ဘာ ၃၀ ရက်တွင် မီးသတ်တပ်ဖွဲ့ဝင်များသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုမီးသတ်ဦးစီးမှူး ဦးစည်သူအောင်ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၃ ဦး၊ အရန်တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင် ငါးဦးတို့က ကျေးရွာပြည်သူများနှင့်ပူးပေါင်းကာ နံနက်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မူလတန်းလွန်ကျောင်း၌လည်းကောင်း ရေဝင်ပြီးတင်ကျန်ခဲ့သောရွှံ့နွံများဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃၀**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီးတို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃) မင်္ဂလာကန်တော်၌ ကျင်းပသည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးမြစ်ချင်းငါးမျိုးစိတ် ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

ထို့အတူ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား တစ်ကျပ်သား ဆက်ကပ်လှူဒါန်းနိုင်ရန် အတွက် အလှူငွေကျပ် ၂၈၄၇၀၀၀ နှင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ “ကရုဏာကမ္ဘာ” ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၁၁၀၀၀၀၀ တို့ကို လှူဒါန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီးတို့ မင်္ဂလာကန်တော်အတွင်း ဇီဝိတဒါနငါးလွှတ်စဉ်။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၃၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင်FM၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား”** ခေါင်းစဉ်ဖြင့်အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အစိုးရရဲ့ ကမ်းလှမ်းမှုမှာ PDF တွေ ဘာဆက်လုပ်သင့်လဲ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရှေ့ပိုင်းခရိုင်ရုံးနှင့် မြောက်ပိုင်းခရိုင်ရုံးတို့ရှိ ဝန်ထမ်းများအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ်၌ စာဆိုဗိမာန် တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိကာ စတင်ဆောက်လုပ်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များဖြင့် မြေသန့်မင်္ဂလာပြုလုပ်ပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

**ညှိနှိုင်းဆောင်ရွက်**



ယနေ့နံနက်ပိုင်းတွင် သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံးချုပ်တွင် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု စိစစ်ရွေးချယ်ရေးကော်မတီ အစည်းအဝေးတက်ရောက်ပြီး ကော်မတီဝင် စာပေပညာရှင်ကြီးများနှင့် တွေ့ဆုံ၍ ဆုရွေးချယ်ရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်သည်။ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရှေ့ပိုင်းခရိုင်ရုံးနှင့် မြောက်ပိုင်းခရိုင်ရုံးတို့သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လိုအပ်သည်များတွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**မြစ်ကြီးနား စက်တင်ဘာ ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်သော ပြည်နယ် အစိုးရ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို အောင်မြင်စွာ လိုက်နာအကောင်အထည်ဖော်နိုင်ရေးနှင့် အဓိကရည်မှန်းချက်ဖြစ်သော ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ရသော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဒေသတွင်း တည်ငြိမ်အေးချမ်းစွာ ကောက်ယူနိုင်ရေး အလေးအနက်ထားကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများအပေါ် နိုင်ငံသားတိုင်း သိသင့်၊ သိထိုက်သည်များကို ကျောင်းသား ကလေးအရွယ်မှစတင်၍ ဝန်ထမ်းများအပါအဝင် အရွယ်ရောက်ပြီးသူတိုင်း သိရှိနားလည်နိုင်ရေး အသိပညာပေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံသားတိုင်း ဥပဒေကို လေးစားလိုက်နာပြီး ပိုကောင်းသည့် ပတ်ဝန်းကျင်များကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပွင့်လင်းရင်းနှီးစွာ တင်ပြ ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစဉ် (၄) ရပ် အပါအဝင် အောက်တိုဘာ ၁ ရက်မှစတင်၍ ခရိုင်၊ မြို့နယ်များအလိုက်သန်းခေါင်စာရင်းကောက်ယူသွားမည့် အစီအမံများ၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်ဖူလုံမှုနှင့် ဒေသတွင်းစားဆီဖူလုံရေးအတွက် ငါးနှစ်စီမံကိန်းချမှတ်ဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေပထမနှစ် စက်ဝန်းဖြင့် အိမ်ထောင်စု ၃၀၀၀၀ ကျော်ကို ရင်းနှီးမတည်ပေးနိုင်ခဲ့မှု၊ ဒုတိယနှစ်စက်ဝန်းဖြင့် ချေးငွေလည်ပတ်နေမှုနှင့် စက်သုံးဆီနှင့် အဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ပစ္စည်းများ တင်သွင်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် အဆိုပါ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့် ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး ကဏ္ဍစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော ကဏ္ဍများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး ဘဏ္ဍာနှစ်အလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် ပြည်နယ်ရန်ပုံငွေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်း စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ် (၆/၂၀၂၄) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၆/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် အသုံးပြုရန်စီစဉ်ဆောင်ရွက်ရခြင်းမှာ မဲမသမာမှုမဖြစ်စေရန် မဲပေးသည့်စနစ်များကို MEVM စက်အပါအဝင် ကွန်ပျူတာ Software များဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားရခြင်းကို လေ့လာသုံးသပ်ပါက မဲစာရင်းများဖောင်းပွခြင်း၊ မဲလက်မှတ်များ ပိုမိုရိုက်နှိပ်ဖြန့်ဝေခြင်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများတွင် ဥပဒေနှင့်မညီသော မဲပေးခြင်း စသည့်အချက် သုံးချက်ကို တွေ့ရှိရကြောင်း၊ ကော်မရှင်အနေဖြင့် တွေ့ရှိချက်များကိုလေ့လာသုံးသပ်ပြီး မဲစာရင်းပြုစုရာတွင် Admin DEO Software များဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက်ပြုစုပြီး CVLMS Software ဖြင့် ဥပဒေနှင့်မညီညွတ်သူများ၊ မဲစာရင်းတွင် နှစ်ကြိမ်၊ သုံးကြိမ်ပါဝင်သူများ မပါရှိစေရေး စိစစ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ MEVM စက်အသုံးပြု၍ မဲပေးခြင်းဖြင့် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေခြင်း မရှိတော့သည့်အတွက် မဲမသမာမှုများ မဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍ ထိုစနစ် နှစ်ခုကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမဲရုံများတွင် ဥပဒေနှင့် မညီညွတ်သောမဲပေးမှုများ မဖြစ်ပွားစေရေးအတွက် အားနည်းခဲ့သည့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



သင်တန်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းအောင်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့၌ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

**ကျိုင်းတုံ စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၇ ရက်က ကျိုင်းတုံပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုင်းတုံခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စာရင်းစစ်၊ စာရင်းကောက်သင်တန်းသား သင်တန်းသူ ကျိုင်းတုံမြို့နယ်မှ ၁၈၄ ဦး၊ မိုင်းလားမြို့နယ်မှ ၁၀ ဦးတို့အား သင်တန်းဆင်း ခန့်အပ်လွှာများပေးအပ်သည်။

ကျိုင်းတုံမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာများတွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**



# နိုင်ငံရေးနှင့် နိုင်ငံ့အရေး

**မင်းခန့်ကျော်(ဥပဒေ)**

> **ထုတ်ပြန်ချက်တွေကို လေ့လာဖတ်ရှုမိရင်းက နိုင်ငံရေးပါတီ ၂၀ ကျော်ပဲရှိတာလားဆိုတဲ့ အတွေးဝင်လာပြီး နိုင်ငံရေးပါတီ ဘယ်လောက်ရှိတယ်ဆိုတာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အင်တာနက်စာမျက်နှာမှာ ဝင်ရောက်ကြည့်ရှုဖြစ်ခဲ့တာ ဖြစ်ပါတယ်**

နိုင်ငံတည်ဆောက်ရေးနဲ့ပတ်သက်လို့ အလွန်အရေးကြီးလှတဲ့ ယနေ့အချိန်အခါကာလမှာ နိုင်ငံသားအများစုရဲ့ "နိုင်ငံရေး"အပေါ် အမြင်သဘောထားရှိသူတွေက အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး ဖြစ်နိုင်ခြေရှိတာတွေကို ပူးပေါင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးဆိုတာဟာ ကွဲပြားတဲ့တန်ဖိုးတွေ၊ အကျိုးစီးပွားတွေ၊ ရည်မှန်းချက်တွေကြောင့် ဖြစ်ပေါ်လာရတာမှန်သော်လည်း အဲဒီကိစ္စတွေကို ဖြေရှင်းဆောင်ရွက်ဖို့ အတိုက်အခံလုပ်ရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ နိုင်ငံတည်ဆောက်ရေးဟာ အတိုက်အခံလုပ်ငန်းစဉ် မဟုတ်ပါဘူး။

အဓိက မီးမောင်းထိုးပြလိုတဲ့အချက်ကတော့ နိုင်ငံရေးဟာ မိမိနဲ့မတူညီသူတွေကို ဆန့်ကျင်ရတဲ့လုပ်ငန်းစဉ်မဟုတ်ဘဲ မတူညီတဲ့ရပ်တည်ချက်တွေ၊ သဘောထားတွေကြားမှာ နိုင်ငံတည်ဆောက်ရေးအတွက် ဖြစ်နိုင်ခြေတစ်စုံတစ်ရာကို ရှာဖွေရေးသာဖြစ်တယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ နိုင်ငံရေးအမျိုးမျိုးရဲ့ အန္တိမရည်မှန်းချက်ဟာ နိုင်ငံတည်ဆောက်ရေးသာဖြစ်လို့ ဖြစ်နိုင်ခြေတစ်စုံတစ်ရာကို မရှာဖွေနိုင်ဘူးဆိုရင်တော့ နိုင်ငံတည်ဆောက်ရေးဟာလည်း ဖြစ်နိုင်စရာရှိမှာ မဟုတ်ပါဘူး။

**ပါတီနိုင်ငံရေးနဲ့ အမျိုးသားနိုင်ငံရေး**

နိုင်ငံရေးလို့ ပြောဆိုကြတဲ့အခါ ပါတီနိုင်ငံရေးနဲ့ အမျိုးသားနိုင်ငံရေးဆိုတာ တွဲပါလာတတ်ပါတယ်။ ပါတီနိုင်ငံရေးကိုတော့ အာဏာနိုင်ငံရေးလို့ ပြောလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးပါတီတွေဟာ အာဏာရဖို့ကြိုးစားကြတာကြောင့် ဖြစ်ပါတယ်။ အာဏာနိုင်ငံရေးဟာ Game သဘောဆောင်တဲ့အတွက် ကစားကွက်ရှိပြီး လူကြိုက်များအောင် နည်းအမျိုးမျိုးနဲ့ လုပ်ဆောင်ဖို့လိုတာကို တွေ့ရပါတယ်။ နိုင်ငံရေးသိပ္ပံပညာရှင် Anthony Downs က နိုင်ငံရေးပါတီတွေဟာ လူကြိုက်များမှုနဲ့ မဲအများဆုံးရရှိဖို့အတွက် ယုတ္တိတန်တဲ့ ဆုံးဖြတ်ချက်တွေချမှတ်တဲ့အခါမှာ ပြည်သူလူထုအတွက် အဓိပ္ပာယ်ရှိတဲ့ ရွေးချယ်စဉ်းစားစရာတွေကို ထုတ်ဖော်ရမှာဖြစ်သော်လည်း ပြည်သူလူထုရဲ့ သည်းခြေကြိုက်ခံစားချက်တွေကို ကြွေးကြော်မှု သက်သက်ဖြစ်သွားတတ်တယ်လို့ ဆိုထားပါတယ်။ နိုင်ငံရေးပါတီတွေရဲ့ မူဝါဒကြွေးကြော်သံတွေမှာ သည်းခြေကြိုက်စကားလုံးတွေ သက်သက်သာပါတယ်ဆိုရင်တော့ လူကြိုက်များတာထက် ဘာမှမပိုတဲ့ နိုင်ငံရေးသာဖြစ်ပါမယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ ဆန့်ကျင်ဘက်ခွဲခြားမှုတွေနဲ့ သည်းခြေကြိုက်နိုင်ငံရေးတွေကိုကျော်လွန်ပြီး ရွေးချယ်စရာအယူအဆ အမျိုးမျိုးဖြစ်ထွန်းပေါ်ပေါက်တဲ့အဆင့်ထိ တရွေ့ရွေ့ချီတက်ရမယ့် ခရီးရှည်ကြီးတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ ချစ်ခြင်း၊ မုန်းခြင်း အလွန်အမင်းဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေကြောင့် လက်ရှိအခြေအနေကို ယထာဘူတကျကျ ကြည့်မြင်နိုင်ဖို့ ခဲယဉ်းသွားရုံသာမက အဲဒီလို ရှုမြင်ထောက်ပြသူတွေကို ဆန့်ကျင်ဘက်ခွဲခြားပြီး ရန်သူပမာ ဆက်ဆံခံရတဲ့အထိ ဆူးပေါက်ထားသူတွေကို တွေ့ရမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံရေးဟာ နိုင်ငံတည်ဆောက်ရေးဖြစ်တဲ့အားလျော်စွာ အဓိပ္ပာယ်ကောက်ယူမှု မှန်ကန်စွာနဲ့ နိုင်ငံသားအားလုံးပါဝင်ဆင်နွှဲရမှာပဲ ဖြစ်ပါတယ်။

**ပါတီနိုင်ငံရေးကို အာဏာနိုင်ငံရေးလို့လည်း ဆိုကြ**

ပါတီနိုင်ငံရေးကို ဆက်ရမယ်ဆိုရင် ပါတီနိုင်ငံရေးဟာ ကမ္ဘာအနှံ့ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ နိုင်ငံအချို့ကလွဲလို့ နိုင်ငံတိုင်းနီးပါးမှာ ပါတီစနစ်ရှိကြပါတယ်။ နိုင်ငံရေးပါတီနဲ့ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးရှိတဲ့အနက်က အီတလီပညာရှင်တစ်ဦးက "နိုင်ငံရေးပါတီဆိုတာ ရွေးကောက်ပွဲတွေမှာ တရားဝင်ကိုယ်ပိုင်သင်္ကေတတစ်ခုကို စွဲကိုင်ကာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အဲဒီရွေးကောက်ပွဲတွေကတစ်ဆင့် ၎င်းတို့ရဲ့ကိုယ်စားလှယ်တွေကို အစိုးရရာထူးတွေဆီ ပို့ပေးနိုင်စွမ်းရှိတဲ့ နိုင်ငံရေးအစုအဖွဲ့တစ်ခု"လို့ ဆိုထားပါတယ်။ ဒါကြောင့်လည်း ပါတီနိုင်ငံရေးကို အာဏာနိုင်ငံရေးလို့လည်း ဆိုကြတာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေရဲ့ နိုင်ငံရေးအမြင်ဖော်ဆောင်တဲ့တာဝန်ကို ကြည့်မယ်ဆိုရင် သက်ဆိုင်ရာလူမှုအုပ်စုအသီးသီးရဲ့ မျှော်မှန်းချက်တွေ၊ လိုလားချက်တွေကို နိုင်ငံရေးစနစ်အတွင်း ထင်ရှားပေါ်လွင်စေဖို့ စွမ်းဆောင်ကြရမှာဖြစ်ပါတယ်။ လိုအပ်ပါက အမျိုးသားနိုင်ငံရေးမှာလည်း တစ်တပ်တစ်အား ပါဝင်ကြရမှာဖြစ်ပါတယ်။

မျက်မှောက်ကာလ မြန်မာနိုင်ငံမှာ နိုင်ငံရေးပါတီတွေ ဘယ်လောက်ရှိလဲဆိုတာကို သိဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အင်တာနက်စာမျက်နှာကို ဝင်ရောက်ကြည့်တဲ့အခါမှာတော့ မှတ်ပုံတင်ခွင့်ပြုထားတဲ့ နိုင်ငံရေးပါတီပေါင်း ၅၂ ပါတီရှိတာကို တွေ့ရှိရပါတယ်။ ယင်းပါတီတွေအနက်က ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီနဲ့ မြို့တိုင်းရင်းသားပါတီတို့အား မှတ်ပုံတင်ခွင့် ပယ်ဖျက်ခဲ့သဖြင့် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၅၀ ပါတီရှိပါတယ်။ စာရေးသူအနေနဲ့ ဘာကြောင့် နိုင်ငံရေးပါတီအရေအတွက်ကို သိချင်ရတာလဲလို့ မေးရင် သတင်းတွေမှာ မြင်တွေ့နေရတဲ့ နိုင်ငံရေးပါတီတွေရဲ့ ထုတ်ပြန်ချက်တွေကြောင့် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ပဉ္စသီမော်ကျေးရွာအနီးဖြစ်ပွားခဲ့တဲ့ ကျောင်းသားကျောင်းသူတွေစီးနင်းလာတဲ့ မော်တော်ယာဉ်ကို အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်နဲ့ပတ်သက်လို့ ၅-၆-၂၀၂၄ ရက်စွဲနဲ့ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ ၂၀ ရဲ့ထုတ်ပြန်ချက်၊ ၁၀၂၇ ဒုတိယလှိုင်းအမည်နဲ့ မြို့၊ ရွာတွေကို အကြမ်းဖက်တိုက်ခိုက်လာတဲ့ ဖြစ်စဉ်နဲ့ပတ်သက်လို့ ၁၁-၇-၂၀၂၄ ရက်စွဲနဲ့ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ ၂၃ ပါတီရဲ့ ထုတ်ပြန်ချက်၊ CRPH/NUG/PDF/MNDAA/TNLA/AA အပါအဝင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ပတ်သက်လို့ ၂၄-၇-၂၀၂၄ ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ ၂၇ ပါတီရဲ့ ထုတ်ပြန်ချက်၊ MNDAA/TNLA/AA အကြမ်းဖက် လက်နက်ကိုင်အဖွဲ့တွေက လားရှိုးမြို့ရှိ ခုတင် (၁၀၀) ဆေးရုံကို တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်နဲ့ပတ်သက်လို့ ၄-၈-၂၀၂၄ ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ ၂၅ ပါတီရဲ့ ထုတ်ပြန်ချက်၊ MNDAA/TNLA/ AA အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့မှုအပေါ် ၃-၉- ၂၀၂၄ ရက်စွဲနဲ့ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီ ၂၅ ပါတီရဲ့ ထုတ်ပြန်ချက်တွေကို လေ့လာဖတ်ရှုမိရင်းက နိုင်ငံရေးပါတီ ၂၀ ကျော်ပဲရှိတာလားဆိုတဲ့အတွေးဝင်လာပြီး နိုင်ငံရေးပါတီ ဘယ်လောက်ရှိတယ်ဆိုတာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အင်တာနက်စာမျက်နှာမှာ ဝင်ရောက်ကြည့်ရှုဖြစ်ခဲ့တာ ဖြစ်ပါတယ်။

အကြမ်းဖက်အုပ်စုတွေရဲ့ လူမဆန်တဲ့အကြမ်းဖက်လုပ်ရပ်တွေကို မကန့်ကွက် မရှုတ်ချဘဲ ဆိတ်ဆိတ်နေခြင်း၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်နယ်နိမိတ်တည်တံ့ခိုင်မြဲမှုကို ထိပါးနှောင့်ယှက်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေအပေါ် နှုတ်ဆိတ်နေခြင်းတွေဟာ အကြမ်းဖက်မှုကို အားပေးထောက်ခံနေတာလားလို့တောင် ထင်စရာရှိပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေကို ဆန့်ကျင်ဖို့၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်နယ်နိမိတ် တည်တံ့ခိုင်မြဲမှုကို ထိပါးနှောင့်ယှက်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ဆန့်ကျင်ဖို့ဆိုတာ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ နိုင်ငံတည်ဆောက်ရေးလို့ ယေဘုယျအားဖြင့် လက်ခံထားတဲ့အားလျော်စွာ နိုင်ငံတည်ဆောက်ရေးအတွက် ဆူးပြောင့်ခလုတ်ဖြစ်တဲ့ အကြမ်းဖက်မှုတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အနည်းဆုံးအားဖြင့် ဆန့်ကျင်ကန့်ကွက်ကြဖို့ဆိုတာ နိုင်ငံ့အရေးကို ဆောင်ရွက်ကြမယ့် နိုင်ငံရေးပါတီတိုင်းမှာ တာဝန်မရှိဘူးလားလို့ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ သည်းခြေကြိုက်နိုင်ငံရေးထဲကပဲ ရုန်းမထွက်နိုင်တာလား၊ အမျိုးသားနိုင်ငံရေးကို ဦးစားပေးဆောင်ရွက်ရမယ့်အချိန်ကာလမှာ ပါတီနိုင်ငံရေးကိုပဲ ဦးစားပေးပြီး အချိန်အခါမကျသေးမီမှာ အတိုက်အခံစိတ်ထားကို ဆုပ်ကိုင်ထားရှိနေတာလားဆိုတာ တွေးစရာဖြစ်လာပါတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် လူလုံးထွက်မပြတာဟာလည်း အမျိုးသားနိုင်ငံရေးဖြစ်တဲ့ နိုင်ငံ့အရေးနဲ့ ပြည်သူတွေရဲ့အရေးကိစ္စတွေကို အလေးမထားတာလားလို့ တွေးစရာဖြစ်လာပါတယ်။

**ပါတီနိုင်ငံရေးဟာ စိတ်ကျေနပ်မှုရရှိရေးကို ဦးစားပေး**

အထက်မှာဆိုခဲ့သလိုပင် ပါတီနိုင်ငံရေးဟာ Game သဘောဆောင်တဲ့အတွက် ကစားကွက်ရှိပြီး လူကြိုက်များအောင် နည်းအမျိုးမျိုးနဲ့လုပ်ဆောင်ကြမယ်၊ Game သဘောဆောင်တဲ့အတွက် အနိုင်အရှုံး၊ အကျိုးအမြတ်တွေထည့်တွက်ကြမယ် ဆိုပေမယ့်လည်း ပွင့်လင်းစွာပြောရမယ်ဆိုရင် အမျိုးသားနိုင်ငံရေးကတော့ Game သဘောမဆောင်တဲ့အတွက် ကစားကွက်မရှိ၊ လှည့်စားမှုမရှိ၊ အနိုင်အရှုံးမရှိ၊ ငါကွလုပ်ရန်မရှိတဲ့သဘောကိုဆောင်ပြီး နိုင်ငံ့အရေး၊ ပြည်သူတွေရဲ့အရေးကို ဦးစားပေးဆောင်ရွက်တာဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ပါတီနိုင်ငံရေးဟာ စိတ်ကျေနပ်မှုရရှိရေး (feel good)ကို ဦးစားပေးပြီး အမျိုးသားနိုင်ငံရေးကတော့ တစ်ခုခုကိုကောင်းအောင်ပြုလုပ်ရေး (make good) ကို ဦးစားပေးတယ်လို့ ဆိုနိုင်ပါတယ်။ နိုင်ငံရေးကစားသူတွေအတွက်တော့ feel good က အရေးကြီးပါတယ်။ အလှအပတွေ၊ အကောင်းဆုံးတွေ၊ လူကြိုက်များတာတွေ ရွေးလုပ်၊ ရွေးပြောကြမှာသာဖြစ်တယ်။ အမျိုးသားနိုင်ငံရေးရှုထောင့်က ကြည့်မယ်ဆိုရင်တော့ ကစားကွက်ပါစရာမလိုတဲ့အတွက် အပြုသဘောဆောင်ခြင်း၊ ပိုမိုကောင်းမွန်စေခြင်း make good တွေကို လွတ်လွတ်လပ်လပ် ရွေးရှုခွင့်ရမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံရေးပါတီတွေအနေနဲ့ အာဏာနိုင်ငံရေးဖြစ်တဲ့ ပါတီနိုင်ငံရေးအပြင် နိုင်ငံ့အရေးဖြစ်တဲ့ အမျိုးသားနိုင်ငံရေးကိုပါ အချိုးကျမျှတစွာ ဆောင်ရွက်ကြစေလိုပါတယ်။ နိုင်ငံရေးပါတီတွေ၊ စာရေးသူတို့ နိုင်ငံသားတွေအနေနဲ့ ချစ်ခြင်း၊ မုန်းခြင်းကင်းစွာ အခြေအနေကို ခွဲခြမ်းစိတ်ဖြာနားလည်နိုင်မယ်ဆိုရင် နိုင်ငံတည်ဆောက်ရေးမှာ နိုင်ငံရေးပါတီတွေအနေနဲ့ဖြစ်စေ၊ နိုင်ငံသားတွေအနေနဲ့ဖြစ်စေ၊ လူ့အဖွဲ့အစည်းအနေနဲ့ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်တဲ့ နည်းလမ်းပေါင်းများစွာရှိနေတာကို တွေ့ရှိရမှာ မလွဲကေန်ပင်ဖြစ်ပေတယ်။ ။

> **မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ ဆန့်ကျင်ဘက်ခွဲခြားမှုတွေနဲ့ သည်းခြေကြိုက်နိုင်ငံရေးတွေကို ကျော်လွန်ပြီး ရွေးချယ်စရာအယူအဆအမျိုးမျိုး ဖြစ်ထွန်းပေါ်ပေါက်တဲ့အဆင့်ထိ တရွေ့ရွေ့ချီတက်ရမယ့် ခရီးရှည်ကြီးတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဟာ ချစ်ခြင်း၊ မုန်းခြင်း အလွန်အမင်းဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေကြောင့် လက်ရှိအခြေအနေကို ယထာဘူတကျကျ ကြည့်မြင်နိုင်ဖို့ ခဲယဉ်းသွားရုံသာမက အဲဒီလို ရှုမြင်ထောက်ပြသူတွေကို ဆန့်ကျင်ဘက်ခွဲခြားပြီး ရန်သူပမာ ဆက်ဆံခံရတဲ့အထိ ဆူးပေါက်ထားသူတွေကို တွေ့ရမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံရေးဟာ နိုင်ငံတည်ဆောက်ရေးဖြစ်တဲ့အားလျော်စွာ အဓိပ္ပာယ်ကောက်ယူမှု မှန်ကန်စွာနဲ့ နိုင်ငံသားအားလုံး ပါဝင်ဆင်နွှဲရမှာပဲဖြစ်**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုနှင့် စက်ရေတွင်းတူးဖော်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်၌ ကျင်းပသည့် နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်ပါ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိရွှေစည်းခုံဘုရားအထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်တွင် စနစ်တကျ ဆောင်ရွက်နိုင်ရေးဘက်စုံလွှမ်းခြုံသောအစီအစဉ် Master Plan ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

**Master Plan ရေးဆွဲရေးလုပ်ငန်း**

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက Master Plan ရေးဆွဲရေးလုပ်ငန်းသည် အလွန်အရေးကြီးသောကြောင့် ဘက်စုံထောင့်စုံပြီးပြည့်စုံအောင် ဆွေးနွေးမှုများ အကြိမ်ကြိမ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် Master Plan ရေးဆွဲပြီးစီးရမည်ဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် Final ပြီးစီးနေရမည် ဖြစ်ကြောင်း၊ ယမန်နေ့ အစည်းအဝေးဆွေးနွေးမှု ရလဒ်များအပေါ် မူတည်၍ ဆက်လက်ဆွေးနွေး အကြံပြုပေးရန်၊ ယခုရေးဆွဲမည့် Master Plan ကို ပြည့်ပြည့်စုံစုံ မြန်မြန်ဆန်ဆန် ရေးဆွဲပြီးစီးနိုင်ရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေစည်းခုံစေတီတော် အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်တွင် စနစ်တကျဆောင်ရွက်နိုင်ရေး ဘက်စုံလွှမ်းခြုံသော အစီအစဉ် Master Plan ရေးဆွဲရေးနှင့်ပတ်သက်၍ ပူးပေါင်းပါဝင်အားဖြည့်ဆောင်ရွက်မည့် အခြေအနေကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ဘက်စုံလွှမ်းခြုံသော အစီအစဉ် Master Plan ရေးဆွဲရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘက်စုံလွှမ်းခြုံသော အစီအစဉ် Master Plan ရေးဆွဲနိုင်ရေး ပထမရက် အစည်းအဝေးဆွေးနွေးခဲ့မှု အခြေအနေနှင့် အချက်အလက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရှေးဟောင်း အဆောက်အအုံ အမှတ်-၂၃၅(သိကြားပုန်းဘုရား) အား အိန္ဒိယနိုင်ငံ Archaeological Servey in India (ASI) အဖွဲ့က ဆောင်ရွက်ထားသည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဘုရားဝန်းကျင်ရှိ ကားရပ်နားရန်နေရာချဲ့ထွင် ဆောင်ရွက်နေမှုနှင့် လမ်းညွှန်ချက်အပေါ် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်အင်ချောင်းကျေးရွာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် စက်ရေတွင်း သုံးတွင်းတူးဖော်နေမှုကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အကူအညီဖြင့် မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အင်တောကျေးရွာ စက်ရေတွင်းနှစ်တွင်း တူးဖော်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံများ အနေဖြင့်လည်း ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန် မှာကြားသည်။

ထို့နောက်ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက်ရှိမြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောက်ပန်းတောင်းမြို့နယ် ရေရရှိရေးနှင့် ပုပ္ပါးဒေသ သာယာလှပရေး အတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၁၁) သင်တန်းဖွင့်





**ရန်ကုန် စက်တင်ဘာ ၃၀**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) တွင် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၂၁၁)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၀၉ ဦး၊ သင်တန်းသူ ၂၂၃ ဦး စုစုပေါင်း ၃၃၂ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ စက်တင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော်ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းဆောင်ရွက်မည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ် စဉ်ဆက်ပညာရေး လုပ်ငန်းအတွက် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယ ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ စဉ်ဆက်ပညာရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ကြမည့် နေပြည်တော်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီ၏ စဉ်ဆက်ပညာရေးလုပ်ငန်းတွင် သင်ကြားပေးကြမည့် မြို့နယ်ရှစ်မြို့နယ်မှ စေတနာလုပ်အားပေးနည်းပြများ၊ ကြီးကြပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကိုဗစ် ၁၉ ကပ်ရောဂါဆိုး အောင်မြင်စွာ ထိန်းချုပ်နိုင်ပြီးသည့်ကာလများမှစ၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ စာမတတ်သူ အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီးပိုင်းအရွယ်များကို ဦးတည်အုပ်စုအဖြစ် သတ်မှတ်သင်ကြားပေးသည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပူးပေါင်း၍ သင်ကြားပေးပြီး အမျိုးသားပညာရေး ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၎င်း၏နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် စဉ်ဆက်ပညာရေးလုပ်ငန်းကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလော၊ ဟိုပုံးမြို့နယ်သုံးမြို့နယ်တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ နေပြည်တော်ကောင်စီနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပူးပေါင်းကာ စဉ်ဆက်ပညာရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ် လေးမြို့နယ်တွင် စဉ်ဆက်ပညာရေးလုပ်ငန်းကို အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

"ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျားဒေသနေ တိုင်းရင်းသားပြည်သူများအတွက်" ကျောင်းသင်ပညာရေးနည်းလမ်းဖြင့် မသင်ကြားခဲ့ရသူများကို ကျောင်းပြင်ပပညာရေးကဏ္ဍများဖြစ်သည့် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးတို့ဖြင့် သင်ကြားပေးခဲ့ရာ စာသင်သားဦးရေပေါင်း ၇၈၈၂၄ ဦးကို စာတတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ စဉ်ဆက်ပညာရေး သင်ကြားခြင်းအစီအစဉ်များကို နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားနိုင်ရန် စီမံလုပ်ဆောင်ကြရန် ပြောကြားလိုပါကြောင်း၊ မြေပြင်တွင် စာသင်ဝိုင်းများ၌ စဉ်ဆက်ပညာရေး စတင်သင်ကြားသည့်အခါ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များက လုပ်ငန်းစီမံချက်ပါအတိုင်း စီမံပံ့ပိုးဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီအနေဖြင့် ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်တွင် ဦးတည်အုပ်စုနှင့်ကိုက်ညီသည့် စာသင်သားပေါင်း ၅၄၁ ဦးကို ကနဦး စာရင်းကောက်ယူ ရရှိထားပြီး စာသင်ဝိုင်းအနေဖြင့် ၄၆ ဝိုင်းအဖြစ် စုဖွဲ့၍ အဆိုပါ စာသင်ဝိုင်းများတွင် စေတနာလုပ်အားပေးနည်းပြ/ ကြီးကြပ်ပေါင်း ၁၀၇ ဦးတို့က တစ်ရက်ပျမ်းမျှ သုံးနာရီနှုန်းဖြင့် ပျမ်းမျှနာရီပေါင်း ၂၇၀၊ ရက်အားဖြင့် ၉၀ ကြာ စာသင်သားပြည်သူများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ပံ့ပိုးပေးသည့်အပေါ် နေပြည်တော်ကောင်စီ၏ အနီးကပ်စီမံမှုဖြင့် ဆောင်ရွက်သွားမည့် စဉ်ဆက်ပညာရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းတက်ရောက်လာကြသည့် စေတနာလုပ်အားပေး နည်းပြများနှင့် ကြီးကြပ်များကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ သင်တန်းကာလ ငါးရက်တာ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ ဥပဒေအသိပညာပေးရေးနှင့် စာဖတ်ရိုက်မြှင့်တင်ရေးဟောပြောပွဲ ကျင်းပ



**စစ်တွေ စက်တင်ဘာ ၃၀**

ဥပဒေအသိပညာပေးရေးနှင့် စာဖတ်ရိုက်မြှင့်တင်ရေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပသည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံတော်အနေဖြင့် လူငယ်များကာယ၊ ဉာဏစွမ်းရည်မြင့်မားစေရန်၊ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာပေလေ့လာဖတ်ရှုလိုသည့် အလေ့အကျင့်ကောင်းများရရှိစေရန် အပါအဝင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးထား ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်က တန်ဖိုးထားရသော အနာဂတ် သားကောင်းရတနာ လူငယ်များအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များအဖြစ် ရှင်သန်တိုးတက်လာရန် ဥပဒေ အသိပညာများကို နားလည်ပြီး ဥပဒေနှင့်အညီ နေထိုင်ပြုမူတတ်သော နိုင်ငံသားကောင်းများ ဖြစ်ပေါ်လာစေရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ယခုကဲ့သို့ ဥပဒေ အသိပညာပေးရေးနှင့် စာဖတ်ရိုက်မြှင့်တင်ရေး ဟောပြောပွဲအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှုခြင်းနှင့် အသိပညာဗဟုသုတ ပြည့်စုံခြင်းသည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ ဘဝ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည့် အရည်အသွေးဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အထောက်အကူ ပြုနိုင်မည့် လိုအပ်ချက် ဖြစ်ခြင်းကြောင့် အစိုးရ၊ မိဘ၊ ဆရာများက ကျောင်းသား ကျောင်းသူများ၏ ပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များကို အားလုံးဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်တွေမြို့နယ် ဥပဒေအရာရှိ ဦးမြတ်သန်းထွန်းက ဥပဒေဆိုင်ရာသိကောင်းစရာများအား အသိပညာပေးဟောပြောပြီး ရခိုင်ပြည်နယ်ဥပဒေချုပ် စာရေးဆရာ ပန်းသာစံက စာဖတ်ရိုက်မြှင့်တင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ "စာကြည့်တိုက်သို့ သွားကြစို့" ခေါင်းစဉ်ဖြင့်ဟောပြောသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေအသိပညာပေးရေးနှင့် စာဖတ်ရိုက်မြှင့်တင်ရေး ဟောပြောပွဲများတွင် ဟောပြောခဲ့ကြသည့် ဥပဒေအရာရှိများနှင့် စာရေးဆရာများအား ဂုဏ်ပြုမှတ်တမ်းများနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနား တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ဖြူးမြို့နယ် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး



**ဖြူး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် လူငယ့်အားမာန်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဖြူးမြို့နယ် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့်လုပ်ငန်းစုံ သမဝါမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးသန်းထွဋ်က ဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ မူဝါဒများအား လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းအုပ်ချုပ်မှု ဒါရိုက်တာဦးဂျိမ်းအက္ကလီ ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းများကို မြို့နယ်သမဝါယမဦးစီးဌာန စာရင်းစစ်ဦးစိန်လင်း(ဦးစီးမှူး)ကလည်းကောင်း ဖတ်ကြားကြပြီး အသင်းသား ၅၈ ဦး၏အစုပေါ်အမြတ် ၁၁၂ သိန်းနှင့် စုဆောင်းပေါ်အတိုးငွေ ၃၇၇ သိန်းတို့အားပေးအပ်၍ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လာမည့်ခရီးသွားရာသီကာလတွင် ပြည်တွင်း/ပြည်ပခရီးသွားများ ပိုမိုလည်ပတ်နိုင်ရေးအတွက် မြှင့်တင်ကြော်ငြာဆောင်ရွက်ရေးနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ






**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ခရီးစဉ်ဒေသများသို့ လာမည့်ခရီးသွား ရာသီကာလအတွင်း ပြည်တွင်း/ ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေရန် မြှင့်တင်ကြော်ငြာဆောင်ရွက်ရေးနှင့် သွားလာလည်ပတ်မှုအဆင်ပြေစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယ ဝန်ကြီးဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

**ကြိုတင်ပြင်ဆင်ထား**

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက လာမည့်ခရီးသွားရာသီကာလတွင်မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ပြည်ပ ခရီးသွားများ အဆင်ပြေချောမွေ့စွာ ပိုမိုလာရောက်လည်ပတ်ကြ စေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့် ပူးပေါင်း၍ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ဒေသရှိ ခရီးစဉ်များကို ဘေးကင်းလုံခြုံစွာ လည်ပတ်နိုင်ကြောင်း ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများက သိရှိရန်လိုပါကြောင်း၊ သို့ဖြစ်၍ မိမိတို့ခရီးစဉ် ဒေသများကို နည်းလမ်းပေါင်းစုံဖြင့် မြှင့်တင်ကြော်ငြာ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ရုံးခွဲများနှင့်ရုံးချုပ်တို့ပေါင်းစပ်ပြီး ထိုးဖောက်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားသဖြင့် ဝန်ကြီးဌာနရှိရုံးချုပ်နှင့် နယ်ရုံးခွဲများက ဝန်ထမ်းများအားလုံး ဟန်ချက်ညီစွာ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ခေတ်နှင့်အညီ နည်းပညာရပ်များအသုံးချ၍ မြှင့်တင်ကြော်ငြာ ဆောင်ရွက်ကြရေး၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လာမည့်ခရီးသွားရာသီကာလအတွင်း ခရီးသွားများသွားလာလည်ပတ်မှု အဆင်ပြေစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မြှင့်တင်ကြော်ငြာဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက် ဆွေးနွေးပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်တွင် တံခွန်စိုက်ဆုရသန်လျင်ခရိုင်အသင်းအား ဂုဏ်ပြုချီးမြှင့်




**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်း ဒေသကြီး အားကစားပွဲတော်တွင် ပထမ တံခွန်စိုက် ဒိုင်းဆုရရှိခဲ့သော သန်လျင်ခရိုင်အသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် သန်လျင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် သန်လျင်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သိုက်ဝင်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ခရိုင်အားကစားနှင့် ကာယပညာကော်မတီအတွင်းရေးမှူး ခရိုင်အားကစားမှူး ဦးကျော်မင်းထွန်းက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပထမတံခွန်စိုက်ဒိုင်းဆုရရှိသော သန်လျင်ခရိုင်အသင်းအား ဂုဏ်ပြုဆုငွေများနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်အားကစားမှူးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်တို့က ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် အောင်ပွဲရ အားကစားသမားများ ကိုယ်စား နည်းပြတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သန်လျင်ခရိုင် အားကစားအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်တွင် ရွှေတံဆိပ်ဆု ၄၁ ဆု၊ ငွေတံဆိပ်ဆု ၃၇ ဆု၊ ကြေးတံဆိပ်ဆု ၂၉ ဆု စုစုပေါင်း ၁၀၇ဆုဖြင့် တံခွန်စိုက်ဆုရရှိခဲ့ကြောင်း သိရသည်။ **တင်ဝင်းတင်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်။**

နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးနစ်နာမှုများသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် ဖြစ်သည်ကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအားလုံးသည် အကြမ်းဖက်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ (၂၆)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အား မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၀၄၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၃၀-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၂-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၀၄၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀.၁၅ ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရေတာရှည်မြို့နယ်၌ ပညာကျန်းမာငွေစုငွေချေး သမဝါယမအသင်းလီမိတက် အစည်းအဝေး ကျင်းပ

**ရေတာရှည် စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပညာကျန်းမာငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက်နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**ဖတ်ကြားတင်သွင်း**

အစည်းအဝေးတွင် သမဝါယမအသင်း အမှုဆောင်ဒါရိုက်တာ ဦးကြည်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအမှုဆောင်တစ်ဦးက ဖတ်ကြားတင်သွင်းခဲ့သည်။

ထို့နောက် ရေတာရှည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သန်းဦးက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် သမဝါယမအသင်းဝင်/ အသင်းသားများအား စုဆောင်းငွေအပေါ်အတိုးငွေကျပ် ၁၅၄ သိန်းအား တာဝန်ရှိသူများက ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကယားပြည်နယ် ဝန်ကြီးချုပ် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(လောပိတ)သို့ ရေဝင်ရောက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် စက်တင်ဘာ ၃၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(လောပိတ)သို့ ရောက်ရှိရာ အမှတ်(၂)စက်ရုံတာဝန်ခံ ဦးဇော်မင်းထွန်းက လက်ရှိ ဘီလူးချောင်းရေမြင့်တက်သဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ရေစီးကြောင်းများမှတစ်ဆင့် စက်ရုံအတွင်း ရေဝင်ရောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။




**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်း ရေဝင်ရောက်မှု အခြေအနေများ၊ Switch Yard နှင့် စက်ရုံဝင်းအတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ထားသည့် သဲအိတ်များ ကာရံထားရှိခဲ့မှု အခြေအနေများနှင့် ဘီလူးချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ရေထိန်းတမံသစ် ပြန်လည်တည်ဆောက်နိုင်ရန်၊ ရေစီးလမ်းကြောင်းများ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်နှင့် စက်ရုံအတွင်းထပ်မံ၍ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် သဲအိတ်များ ထပ်မံတိုးမြှင့် ကာရံထားရန်၊ ရေအမြန်ဆုံး ပြန်လည်စုပ်ထုတ်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အမှတ်(၁)စက်ရုံနှင့် အမှတ်(၂)စက်ရုံတို့အကြား ဘီလူးချောင်းရေ မြင့်တက်မှုကြောင့် ရေလွှမ်းဧရိယာဖြစ်ပေါ်နေမှု အခြေအနေများနှင့် ယင်းနေရာမှ စက်ရုံများသို့ ရေတိုက်စားစီးဆင်းမှု မရှိစေရေး ဆောင်ရွက်နေသည့် တာအသစ်တည်ဆောက်နေမှုနှင့် တာတမံအဟောင်းပြန်လည်ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုခဲ့ကာ ယခုရေလွှမ်း၍ ပျက်စီးသွားသော မြေသားတမံအား တမံအသစ်နှင့် တစ်ဆက်တည်းဖြစ်စေရေး၊ ရေစီးကြောင်း ဖြောင့်တန်းစေရေးနှင့် ဘီလူးချောင်းအတွင်း ရေပြန်လည်၍ စီးဝင်စေရေး အမြန်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မှာကြား**

ဆက်လက်၍ ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(လောပိတ)သို့ ရောက်ရှိရာ အမှတ်(၁)စက်ရုံမှူး ဦးကျော်သက်ခိုင်က စက်ရုံ၏ လည်ပတ်နေမှု အခြေအနေများနှင့် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။ ထို့နောက် စက်ရုံအား ပုံမှန်လည်ပတ်နိုင်ရေး၊ စက်ရုံနှင့် စက်ရုံပတ်ဝန်းကျင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် ကြိုတင်စီမံဆောင်ရွက်ထားရှိရေးနှင့် ဝန်ထမ်းများ၏ အလုပ်ခွင်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေး ဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတား များကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# MGMA ၏ "လက်ကမ်းအလှူ ပက်ကေ့ချ်"အစီအစဉ်ဖြင့် နေပြည်တော် ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)၏ ပထမအဆင့်(Phase I) "လက်ကမ်းအလှူ ပက်ကေ့ချ်" အစီအစဉ်ဖြင့် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေပြည်တော်ရှိ ရေဘေးသင့် ဒေသများသို့ သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။



**သွားရောက်လှူဒါန်း**

အဆိုပါအစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ ငါးခြောက်၊ ငါးသေတ္တာ၊ ပဲ၊ ဆေးဝါး၊ ခြင်ထောင်၊ စောင်၊ ဖယောင်းတိုင် မီးခြစ်၊ ဒန်အိုး၊ ဒယ်အိုး၊ ထမင်းစားပန်းဇလုံ၊ ဇွန်း၊ ယားနာပျောက်ဆေး၊ အကြမ်းစီးဖိနပ် စသည့် ၁၉ မျိုးပါဝင်သော ပစ္စည်းများကို MGMA ၏ CSR အဖွဲ့သား များက အလှူရှင်များနှင့်အတူ နေပြည်တော်ရှိရေဘေးသင့်ဒေသ များသို့ သွားရောက်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

> MGMA ၏ "လက်ကမ်းအလှူ ပက်ကေ့ချ်" အစီအစဉ်ဖြင့် နေပြည်တော် ရေဘေးသင့် ဒေသများသို့ သွားရောက် လှူဒါန်းစဉ်။

ယင်းအစီအစဉ်တွင် MGMA နှင့် အသင်းသား အသင်းသူများ၏ တစ်ယောက်တစ်လက် ကမ်းလက် အလှူများဖြင့် မိသားစုဝင်ပေါင်း ၁၀၀၀ အတွက် ကျပ်သိန်း ၁၀၀၀ မတည်၍ စက်တင်ဘာ ၂၇ ရက်တွင် စက်ရုံကျေးရွာရှိ အိမ်ထောင်စု ၁၃၀ နှင့် သာယာစုကျေးရွာရှိ အိမ်ထောင်စု ၁၁၀ သို့ သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာ ၂၈ ရက်တွင် ညောင်ပင်ကြီးကျေးရွာရှိ အိမ်ထောင်စု ၃၅၂ စုနှင့် ချောင်းကမ်းကြီးကျေးရွာရှိ အိမ်ထောင်စု ၂၆၇ စုသို့ ထပ်မံသွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

ဆက်လက်၍ ရေဘေးနှင့် မြေပြိုမှုကို ပြင်းထန်စွာခံစားခဲ့ရသော ရှမ်းပြည်နယ် ပအိုဝ်းဒေသများသို့ "လက်ကမ်းအလှူ ပက်ကေ့ချ်"ကို ဆက်လက်လှူဒါန်းရန် အိမ်ထောင်စု ၁၄၁ စုအတွက် နောင်တောင်းပရဟိတကျောင်း၊ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဆက်သွယ်ပေးပို့ရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်းက အသိပေးထုတ်ပြန်ထားသည်။

**MT**

❖

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်နေမှုများနှင့် တိုးဂိတ်များ၊ EV Charging Station များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပဲခူးတိုင်းဒေသကြီးရှိ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာတက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများက လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလင်းက ဖြည့်စွက်ဆွေးနွေးပြီး ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတိုးတိုးက ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများအား ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြခဲ့ရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပဲခူးမြစ်ကူး ဘောလီတံတား (ပဲခူးမြို့တွင်း)အား သံကူကွန်ကရစ်တံတား (၃၂၀ ပေ X ၁၈ပေ) အဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူး - သနပ်ပင် - ခရမ်း - သုံးခွ - သန်လျင်လမ်း မိုင်တိုင် (၅/၁-၅/၂) ကြား AC ကတ္တရာလမ်း ၁၈ ပေ အကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် လမ်းတာပေါင် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ပဲခူးမြို့တွင်းလမ်း မိုင်တိုင်အမှတ် (၈/၅-၈/၆) ကြား နှင့် ရန်ကုန် - တောင်ငူလမ်း မိုင်တိုင်အမှတ် (၄၁/၇-၄၂/၀) ကြား လမ်းဘေး ဝဲ/ယာ သစ်ပင်စိုက်ပျိုးခြင်းနှင့် ကြားကွက်လပ်ဖြစ်နေသည့်နေရာများကို ပျိုးပင်ကြီးများဖြင့် အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၀/၅-၄၀/၆) ကြား ရေကြီး၍ လမ်းပခုံးတာပေါင်ပျက်စီးမှုကို ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေခြင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လမ်းအသုံးပြုခကောက်ခံလျက်ရှိသည့် ဘောနတ်ကြီး (မီနီ) တိုးဂိတ်နှင့် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး ဘောနတ်ကြီး (၃၉) မိုင် ယာဉ်ရပ်နားစခန်းအတွင်း၌ Qingdao CRRC Sifang Rolling CO.,Ltd. မှ တည်ဆောက်လျက်ရှိသည့် EV Charging Station ကိုလည်းကောင်း၊ ဒရယ်မီး (မီနီ) တိုးဂိတ်မှ လမ်းအသုံးပြုခကောက်ခံနေမှုကို လည်းကောင်း၊ (၁၁၅) မိုင် ဖြူးယာဉ်ရပ်နားစခန်း အတွင်းရှိ YAR ZAR MIN Industry CO.,Ltd. မှ တည်ဆောက်လျက်ရှိသည့် EV Charging Station ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (အသွားလမ်း) မိုင်တိုင်အမှတ်(၁၀၃/၇နှင့်၁၀၄/၀)ကြားတွင် ကွန်ကရစ်အားဖြည့်ဖျော်ရည် ထိုးသွင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး အုတ်တွင်း (မီနီ) တိုးဂိတ်၊ တောင်ငူ (မီနီ) တိုးဂိတ် လမ်းအသုံးပြုခ ကောက်ခံနေမှုနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး စီလမ်းဆုံ (၂၀၁) မိုင် အသွားလမ်း Earth Renewable Energy CO.,Ltd. မှ ဆောင်ရွက်ပြီးစီးခဲ့သည့် EV Charging Station ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များ ကစားကြပြီး လူသစ်တန်းပြိုင်ပွဲ တစ်ဦးချင်း ဆုတံဆိပ်များ၊ လူသစ်တန်း အကောင်းဆုံး အားကစားသမားဆုများအား ဗိုလ်မှူးကြီး ကျော်စွာထွန်းကလည်းကောင်း၊ အကြီးတန်းပြိုင်ပွဲတစ်ဦးချင်း ဆုတံဆိပ်များ၊ အကြီးတန်းအကောင်းဆုံး အားကစားသမား ဆုများအား နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦးက လည်းကောင်း၊ လူသစ်တန်းဒိုင်းဆု၊ အကြီးတန်းဒိုင်းဆုနှင့် တံခွန်စိုက်ဒိုင်းဆုကြီးအား ဗိုလ်ချုပ် သက်ထွန်းဦးတို့ကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

အလားတူ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ တန်းကျော်ပြေးပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင် အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက်အတိုက် ရှုံးထွက်ပွဲစဉ်များ၊ ပတ်လည်ပွဲစဉ်များ၊ တတိယလုပွဲများနှင့် ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော် အရာရှိကြီးများနှင့် တပ်မတော် ဂျူဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(B)တွင် အမျိုးသား ကွာတားအဆင့်ပတ်လည် ပွဲစဉ်များကိုလည်းကောင်း၊ အမျိုးသား/အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(C)၌ လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲအဖြစ် ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း(၁)၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အသင်းကို လေးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# မိုင်းယောင်းမြို့နယ်၌ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**မိုင်းယောင်း စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်တပ်ကျေးရွာအုပ်စု ဝမ်ကျူးကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ရရှိစေမည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ဝမ်ကျူးကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူရန်အတွက် ရေထွက်ပင်ရင်းမှ ကျေးရွာအထိ ရေပိုက်လိုင်းများ သွယ်တန်းနေမှုနှင့် အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မိုင်းယောင်းခရိုင်/ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝမ်ကျူးကျေးရွာရှိ အိမ်ခြေ ၃၁ အိမ်၊ လူဦးရေ ၁၆၄ ဦးတို့အတွက် နှစ်စဉ်နွေရာသီကာလအတွင်း ရေရှားပါးသည့် ပြဿနာများ ပြေလည်စေရန်နှင့် သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၆ ဒသမ ၂၀၅ သန်း အကုန်အကျခံကာ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို အကောင်အထည်ဖော်



ဆောင်ရွက်လျက်ရှိရာ ယခုလုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်

မြစ်ကြီးနား စက်တင်ဘာ ၃၀

ကချင်ပြည်နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီနှင့် ပြည်နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အကြီးမားဆုံးတာဝန်တစ်ရပ်ဖြစ်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့တိုင်းပြည်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အပြင် အကြီးမားဆုံးတာဝန်တစ်ရပ်ဖြစ်သည့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက် (ညသန်းခေါင်)မှ စတင်ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ကွက်ပေါင်း ၁၄၀၀ ကျော်၊ စာရင်းစစ်၊ စာရင်းကောက်ဦးရေ ၈၀၀ ကျော်တို့ဖြင့် စနစ်တကျစုဖွဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နေ့စဉ် အချိန်နှင့်တစ်ပြေးညီ ဗဟိုကော်မတီသို့ တင်ပြနိုင်ရေးကို အလေးအနက်ထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ခရိုင်၊ မြို့နယ်များအလိုက် ရုံးအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်မှုများကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီအဖွဲ့နှင့် ပြည်နယ် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များက သန်းခေါင်စာရင်းကောက်ယူသွားမည့် နယ်မြေဒေသအလိုက်ဒေသခံဘာသာစကားဖြင့်ကောက်ယူနိုင်ရေး တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများ၊ စာပေယဉ်ကျေးမှုအဖွဲ့များက ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ခရိုင်အလိုက် ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး စုဖွဲ့ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရပ်ကွက်/ ကျေးရွာများအလိုက် နေ့စဉ်တစ်ပြိုင်တည်းကောက်ယူသွားမည့် လုပ်ငန်းစဉ်များနှင့် တစုတစည်းတည်း ကောက်ယူသွားမည့်အစီအစဉ်များ၊ ယာယီတိမ်းရှောင် စခန်းနေမိသားစုများအား သီးခြားကောက်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုံခြုံရေးဆိုင်ရာ ရယူဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များအားလုံးကို စနစ်တကျပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် အစွမ်းကုန်ကြိုးစားကောက်ယူနိုင်ရေးနှင့် ပတ်ဝန်းကျင်အခြေအနေအရ၊ နယ်မြေအခြေအနေအရ အပြောင်းအလဲများအပေါ် အချိန်နှင့်တစ်ပြေးညီတင်ပြပြီး အကောင်းဆုံးနှင့် တာဝန်ကျေပွန်အောင် ကြိုးစားဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဥပဒေရေးရာဝန်ကြီးဌာန၏ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

ထားဝယ် စက်တင်ဘာ ၃၀

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး တိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထပ်ဆင့်မှာကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းက စက်တင်ဘာ ၁၅ ရက်တွင် ပြုလုပ်ခဲ့သော ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်မှာကြားရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးညွန့်လွင်က ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။



ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ထားဝယ်ခရိုင်ဥပဒေရုံးနှင့် ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ပြီး မြိတ်/ကော့သောင်း/ဘုတ်ပြင်းခရိုင်ဥပဒေရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



# ဒလမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေး

ဒလ စက်တင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်တုံ့ပြန်ရေးစီမံချက်အနေဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (Oral Cholera Vaccine– OCV) တိုက်ကျွေးခြင်းအစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အတွင်း စုရပ်နေရာ ဦးတည်အုပ်စုဖြစ်သည့် သပြေကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ထော်အောက်ကျေးရွာ သီရိမင်္ဂလာကျောင်းတိုက်တို့တွင် ကွင်းဆင်းတိုက်ကျွေးသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဒလမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒလမြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းဝင်း ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ OCV တိုက်ကျွေးခြင်းကို မြို့နယ်အတွင်းရှိ ကာကွယ်ဆေးသောက်သုံးသင့်သည့် အသက်တစ်နှစ်အထက် ကလေး၊ လူကြီး ပြည်သူများအားလုံး သောက်သုံးမှုလွှမ်းခြုံနိုင်ရေးအတွက် ဦးစားပေးအုပ်စုအလိုက် သတ်မှတ်ထားသည့် စုရပ်နေရာအသီးသီးတွင် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၃ ရက်အထိ လူဦးရေ ၇၇၅၈၅ ဦးကို တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

# မိတ္ထီလာမြို့နယ်၌ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၃၀

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြသန်းက လုံခြုံရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် တာဝန်ရှိသူတို့က စာရင်းစစ်၊ စာရင်းကောက်ခန့်အပ်လွှာများပေးအပ်သည်။

အဆိုပါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိရာ မိတ္ထီလာမြို့နယ်တွင် ကောက်ကွက် ၇၁၂ ကွက်ရှိပြီး စာရင်းစစ် ၅၉ ဦးနှင့် စာရင်းကောက် ၂၂၃ ဦး စုစုပေါင်း ၂၈၂ ဦးရှိကြောင်း သိရသည်။



**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အမေရိကန်နိုင်ငံ၌ ဟာရီကိန်းမုန်တိုင်း ဟီလာနီတိုက်ခတ်မှုကြောင့် လူဦးရေ ၁၀၀ ကျော် သေဆုံး

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ပြီးခဲ့သည့်သီတင်းပတ်က တိုက်ခတ်ခဲ့သည့် ဟာရီကိန်းမုန်တိုင်း ဟီလာနီမှတစ်ဆင့် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ပြည်နယ် ခြောက်ခုတွင် လက်ရှိအချိန်အထိ ဒေသခံ ၁၀၀ ကျော်သေဆုံးကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

၎င်းဟာရီကိန်းမုန်တိုင်းသည် စက်တင်ဘာ ၂၆ ရက်က ဖလော်ရီဒါပြည်နယ်သို့ အဆင့်(၄)အဆင့်ရှိ ဟာရီကိန်းမုန်တိုင်းအဖြစ် ဝင်ရောက်တိုက်ခတ်ခဲ့သည်။

၎င်းဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ၃၇ ဦး သေဆုံးပြီး တောင်ကာရိုလိုင်းနားပြည်နယ်တွင် ၂၇ ဦး သေဆုံးခဲ့သည်။ မြောက်ကာရိုလိုင်းနားပြည်နယ်ရှိ ဗန်ကွန်ဗီစီရင်စုတွင် ဒေသခံ ၆၀၀ ခန့် ပျောက်ဆုံးနေကာ လျှပ်စစ်ဓာတ်အား၊ ရေရရှိရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်မည်ဟု သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**





# နီပေါနိုင်ငံ၌ ရေကြီးမြေပြိုမှုများကြောင့် ၁၉၂ ဦး သေဆုံး

**ခတ္တမန္ဒူ စက်တင်ဘာ ၃၀**

နီပေါနိုင်ငံ၌ မုတ်သုံမိုးကြောင့် ဖြစ်ပွားခဲ့သည့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများအတွင်း လက်ရှိအချိန်အထိ သေဆုံးသူ ၁၉၂ ဦးရှိကြောင်း သိရသည်။

လက်ရှိဖြစ်ပွားနေသည့် သဘာဝဘေးများအတွင်း ၁၉၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရီရှီရန် တီဝါရီက ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် မြို့တော်ခတ္တမန္ဒူနှင့် နိုင်ငံအတွင်းရှိ အခြားဒေသများသို့ ဆက်သွယ်ထားသည့် လမ်းများမှာ မြေပြိုမှုများကြောင့် ပျက်စီးခဲ့သည်။

ယမန်နေ့က နိုင်ငံအလယ်ပိုင်း ဒါဒင်ခရိုင်ခိုလာဒေသတွင် ဖြစ်ပွားခဲ့သည့် မြေပြိုမှုအတွင်း နစ်မြုပ်နေသည့် ခရီးသည်တင်ဘတ်စ်ကားများမှ ရုပ်အလောင်းများကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံသား ၄၅၀၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းကယ်ဆယ်ထားသူများအား ထောက်ပံ့ရေးပစ္စည်းများနှင့် အစားအစာများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအတွင်း အိမ်ခြေ ၁၃၂၇ လုံး ပျက်စီး ဆုံးရှုံးခဲ့ပြီး နိုင်ငံရှိ အဓိကလမ်းမကြီး ၁၉ ခု ထိခိုက် ပျက်စီးခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ ပြည်နယ် ခုနစ်ခု၌ ရေကြီးရေလျှံမှုဖြစ်ပွား

**ဖနောင်ပင် စက်တင်ဘာ ၃၀**

ကမ္ဘောဒီးယားနိုင်ငံ၏ပြည်နယ် ခုနစ်ခု၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သဖြင့် လယ်ယာမြေများ ထိခိုက်ပျက်စီးကာ ဆန်စပါးနှင့် အခြားသီးနှံစိုက်ပျိုးမှုများ ထိခိုက်ခဲ့ကြောင်း ယနေ့ခမာတိုင်းစ်သတင်းဌာန သတင်းအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် သီးနှံစိုက်ပျိုးမှု အဆိုးရွားဆုံး ထိခိုက်ခဲ့သည့် ပြည်နယ်ခုနစ်ခုမှာ ကရာတီ၊ စတန်ထရန်၊ မွန်ဒူကီရီ၊ တီဗောင်ခူမန်၊ ကန်ပေါင်ချန်၊ ကန်ပေါင်သွန်နှင့် ဆီရန်ယိပြည်နယ်တို့ဖြစ်ကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အန်ရက်ချ်နာက ပြောသည်။

ရေကြီးရေလျှံမှုများအတွင်း စပါးစိုက်ပျိုးမြေ ဧက ၁၂၀၀၈ ဟက်တာ ထိခိုက်ပျက်စီးခဲ့သည်။ စက်တင်ဘာ ၂၇ ရက်က ကျင်းပသည့် ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် ရေကြီးရေလျှံမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် လူအင်အားနှင့် ကယ်ဆယ်ရေးကိရိယာများ အသင့်ပြင်ဆင်ထားရှိရေးအတွက် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအား ဝန်ကြီးချုပ်ဟွန်မာနက်က ညွှန်ကြားခဲ့သည်။

ထို့ပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ အနေဖြင့်လည်း ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများမှ ဒေသခံများ အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရန် ထပ်လောင်းညွှန်ကြားခဲ့သည်။

ထို့ပြင် လယ်သမားများအတွက် လိုအပ်သည့် မျိုးစေ့အပါအဝင် စိုက်ပျိုးရေးသုံး ကိရိယာများ ထောက်ပံ့ပေးအပ်ရန် စိုက်ပျိုးရေးဝန်ကြီးဌာနအား ဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်။

**ကိုးကား – ခမာတိုင်းမ်**
**ဘာသာပြန် – စိုးသူရ**



# ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုတန်ဖိုး ယခုနှစ်ပထမကိုးလအတွင်း ကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိ

**ဟန်နွိုင်း စက်တင်ဘာ ၃၀**



ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမကိုးလအတွင်း ငရုတ်ကောင်း တန်ချိန် ၂၀၃၀၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် တန်ဖိုး ၄၆ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဦးစီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာ VnExpress က စက်တင်ဘာ ၃၀ ရက်တွင် သတင်းဖော်ပြခဲ့သည်။

စက်တင်ဘာလ တစ်လတည်းတွင် ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုသည် တစ်တန်လျှင် ပျမ်းမျှတင်ပို့မှုဈေးနှုန်း ၆၂၃၉ ဒေါ်လာဖြင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၁၂၅ သန်းရရှိခဲ့ပြီး လွန်ခဲ့သည့် ရှစ်နှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

လာမည့်နှစ်အတွက် ဝယ်လိုအားများ တစ်ဟုန်ထိုး မြင့်တက်နေခြင်းကြောင့် ပြည်တွင်း ငရုတ်ကောင်းဈေးနှုန်းများမှာ ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်း အထွက်နှုန်းသည် မိုးခေါင်ရေရှားမှုဒဏ်ကြောင့် ၂၀၂၅ ခုနှစ်တွင် ကျဆင်းမည်ဟု မျှော်လင့်ထားကြောင်း VnExpress က ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုမှ ဝင်ငွေသည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၉၁၂ သန်းအထိ ရှိလာခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်အသင်းမှ သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# သီရိလင်္ကာနိုင်ငံ၏ ဩဂုတ်လအတွင်း ပို့ကုန်တန်ဖိုး ၄ ဒသမ ၆၇ ရာခိုင်နှုန်း တိုးတက်ခဲ့

**ကိုလံဘို စက်တင်ဘာ ၃၀**

သီရိလင်္ကာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုးသည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၆၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း နိုင်ငံ၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့က စက်တင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ အကောက်ခွန်ဌာန၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ကုန်ပစ္စည်းတင်ပို့မှု စွမ်းဆောင်ရည်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၁၈ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ ပို့ကုန်တန်ဖိုးမြင့်တက်လာခြင်းမှာ အဓိကအားဖြင့် အထည်အလိပ်၊ လက်ဖက်၊ ရော်ဘာအခြေခံထွက်ကုန်များနှင့် အုန်းသီးအခြေခံထွက်ကုန်များမှ ဝင်ငွေတိုးလာခြင်းကြောင့်ဖြစ်သည်။ အထည်အလိပ်တင်ပို့မှုသည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဝန်ဆောင်မှုကဏ္ဍများမှရရှိသည့် ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃၁၈ ဒသမ ၇၇ သန်းရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလထက် ၆ ဒသမ ၄၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်း လုပ်ကိုင်သူ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တရားဥပဒေ စိုးမိုးရေးနှင့် အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံပြည်သူ့ လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်၍ တရားခံများ ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦး၏ မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မူဆယ်မြို့ပေါ်တွင် အွန်လိုင်းလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းများလုပ်ကိုင်လျက်ရှိသော ဒုစရိုက်သမားများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးနှင့် မြန်မာနိုင်ငံသား တရားခံ ၅၅၇ ဦး စုစုပေါင်း တရားခံ ၈၇၀ တို့နှင့် အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများဖြစ်သော ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများနှင့် Scam စက်များအား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ဒုစရိုက်မှုများ အခြေပြု ဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံ များကိုလည်း ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချိပ်ပိတ်သိမ်းဆည်း တရားစွဲတင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိသော တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးတို့အား မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူထားပြီး ၎င်းတို့အား တရုတ်နိုင်ငံအနေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက်လုံလောက်သော အစောင့်အရှောက်များဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ယူနန်ပြည်နယ် ရွှေလီမြို့ရှိ နယ်စပ်ဝင်/ထွက်ပေါက်မှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။




အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်နေမှု မှတ်တမ်းဓာတ်ပုံ။

ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒီပဲယင်းမြို့ပေါ်ရှိ နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအတု၊ သတင်းအမှားများ မဟုတ်မမှန်ဖြန့်ဝေ

**ရန်ကုန် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်း ဒေသကြီး ဒီပဲယင်းမြို့ပေါ် ရှိ နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအတု၊ သတင်းအမှားများ မဟုတ်မမှန်သတင်းအမှားများ ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ စက်တင်ဘာ ၂၉ ရက်က ဒီပဲယင်းမြို့နယ်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိနေပြီး အင်အားစုဖွဲ့ လျက်ရှိကြောင်း ဒေသခံများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ဆုတ်ခွာစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့နောက်သို့လိုက်လံ ချေမှုန်းခြင်း မပြုလုပ်နိုင်ရန်နှင့် ကျေးရွာများရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချခြင်းစသည့် လှုံ့ဆော် ဝါဒဖြန့်ဝေနေသည့် သတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေ နေခြင်းသာ ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၀-၂၀၂၄ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နှစ်(၆၀)ပြည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုတေး
- ၀၉:၅၀ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့တေး
- ၁၀:၂၅ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး
- ၁၀:၃၅ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ဘဝဆည်းဆာအလှဆည်းဆာ'
- ၁၅:၃၀ Weekly MNL Review
- ၁၆:၄၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ခုနှစ်၊ စက်တင်ဘာလ)(ပထမပိုင်း)
- ၁၈:၃၀ ၂၀၂၄ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ (Video Clip)
- ၁၈:၄၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၃၀ နှစ်(၆၀)ပြည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုဇာတ်လမ်း 'ကြိုး' (ဇာတ်သိမ်း)(ရန်အောင်၊ မေသန်းနု၊ နကွတ် နေနေ၊ တေဇလင်းရောင်၊ ဆောင်းယွန်းစံ)
- ၂၂:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၆)

**mitv**

- 07:02 Evergreen Classic: Migadawon (Tekkatho Lei Lei)
- 07:11 The Longest Living Siblings (Part-2)
- 07:32 Faith & Worship (Part-2)
- 08:01 News
- 08:26 Topics Potpourri; Transforming Food Waste into Nutritional Gold
- 08:33 Dhammayangyi Temple
- 08:48 Bo Cho Island, Makyonegalet
- 09:01 Famous Ywar Ngan Coffee From Shan Highlands
- 09:24 Traditional Myanmar Theatrical Performance: Choral Dance Dedicating to Elegant Nat (Ma Ngwe Taung)
- 09:37 Dough Artist's Dream
- 09:49 People's Military Service Law 8
- 10:01 News
- 10:26 Lifestyle & Entertainment (Weekly Updates)

**MRTV NRC**

- ဝ (၀၆:၀၀ မှ ၀၈:၀၀) နှမ့်လျှန်ချောင်း(ဟိုပန်မြို့)
- ကချင် (၀၈:၀၀ မှ ၁၀:၀၀) ဗိုင်ဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)
- ကယား (၁၀:၀၀ မှ ၁၂:၀၀) သဘာဝကပေးအသက်ရှည်ဆေး
- ဝကေကာကရင် (၁၂:၀၀ မှ ၁၃:၀၀) ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ
- အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀) ရောဝတီရဲ့အရိုင်းဆန်တဲ့အလှင်္ဂါရန်ကျီ(အပိုင်း-၅)
- အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀) ရိုးရာအိမ်ချက်ဟင်းတစ်ခွက်
- ချင်း(လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀) ရက်လအခေါ်အဝေါ်များ
- ချင်း(ချိုး) (၁၆:၀၀ မှ ၁၇:၀၀) ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ (ရှိကျေးရွာကထင်ကျန်ထူးခြားခြေရာများ)
- မွန် (၁၇:၀၀ မှ ၁၉:၀၀) လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး
- ရခိုင် (၁၉:၀၀ မှ ၂၁:၀၀) ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၇)
- ရှမ်း (၂၁:၀၀ မှ ၂၃:၀၀) ရှမ်းတို့ရိုးရာပဲပုတ်အစားအစာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Save Our Planet Program
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာပေါက်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၂)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ သုတပဒေသာ စိုက်ပျိုးနည်းပညာ စီးပွားဖြစ်ကာစိတ်ချမ်းသာ ကော်ဖီစိုက်ပျိုးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ပီးအိပ်(ဇာတ်လမ်း)
- ၁၉:၃၀ TIPS & TRICKS
- ၂၂:၀၀ Suzume (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ ဆိုင်ကယ်လေးစီး (**စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀**) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် (၃)မိုင် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ တရားမဝင်အခြားသစ် ၁ ဒသမ ၉၉၀ တန်၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် ဆိုင်ကယ်လေးစီး (**စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၄၀၁၆**) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်နှင့် ဖျာပုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ကျုံပျော်ခရိုင်၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၇၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၈၅၀၀၀** ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၉ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Pregio Van တစ်စီး၊ Nissan Truck တစ်စီး၊ Isuzu Truck တစ်စီး၊ Nissan Deisel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၆၂၀ တန်၊ အခြားသစ် ၅ ဒသမ ၆၉၃ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၅၇၀၉၀)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၀၀၇၀၉၀** ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၂၇ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် သိမ်းဆည်းရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၇၁၆၁၀၆)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၀-၂၀၂၄ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၅ | ၃၂၁၅ | ၃၀၉၀ | ၃၀၄၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၀ | ၃၀၉၅ | ၃၃၂၀ | ၃၃၅၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၅၀ | ၃၂၄၀ | ၃၂၅၅ | ၃၆၅၅ | ၄၆၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၉၅ | ၃၃၅၀ | ၃၄၇၅ | ၃၅၀၅ | ၃၃၆၀ | ၃၃၇၅ | ၃၄၀၅ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၀ | ၄၈၀၀ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၆၅ | ၂၆၄၀ | ၂၅၉၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၉၀ | ၂၆၄၅ | ၂၇၇၀ | ၂၈၀၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၆၉၀ | ၂၇၀၀ | ၃၁၀၅ | ၄၆၀၀ |
| HSD (50 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |
| HSD (10 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၇၃ | ၃၀၆၆ |
| 95 Ron | ၃၁၂၄ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၈ |
| HSD (50 ppm) | ၃၀၆၈ | ၃၁၅၉ |
| HSD (10 ppm) | ၃၀၆၈ | ၃၁၅၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**✻ မြန်မာ့လက်ရွေးစင်မှ**

ဦးငွေးမြင့်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းကို နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြတစ်ဦးဖြစ်ပြီး အမျိုးသမီးလက်ရွေးစင်အသင်းကို တစ်ကျော့ပြန်ကိုင်တွယ်ခွင့်ရရှိခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးနိုင်သောင်းထိုက်၊ အုပ်ချုပ်သူအဖြစ် ဒေါ်ဖြူဖြူသန့်၊ နည်းပြချုပ်အဖြစ် ဦးငွေးမြင့်၊ လက်ထောက်နည်းပြများအဖြစ် ဦးဇော်ရဲမောင်၊ ဒေါ်ဝါဝါခိုင်၊ ကြံ့ခိုင်ရေးနည်းပြ တာဝမ်(ထိုင်း)၊ ဂိုးနည်းပြအဖြစ် ကစ်တီဖတ် (ထိုင်း)၊ လက်ထောက်ဂိုးနည်းပြများအဖြစ် ဦးထွန်းထွန်းလတ်၊ ဦးကျော်ထက်အောင်၊ ဦးအောင်ကျော်ရွှေ၊ ဂိုးသမားအဖြစ် ချောစန္ဒီအောင်၊ သရဖီအောင်၊ ရင်ရင်မိုးနိုင်၊ ဆုလှိုင်ဖြိုး၊ သိမ့်စန္ဒာစိုး၊ ကစားသမားများအဖြစ် ဆက်နွယ်နီ၊ ဆုဝါလွင်၊ ယွန်းမီမီလွင်၊ ဖူးပွင့်ခိုင်၊ ဝင်းဝင်းစိုး၊ မေဇင်ဦး၊ ခင်မိုးဝေ၊ ခင်မာလင်း၊ ခင်ဆုမြတ်၊ မေမြတ်မိုး၊ ယမင်းသန့်ဇင်၊ ဝတ်ရည်လွင်၊ သန်းသန်းဝေ၊ ခိုင်သဇင်ဦး၊ ခင်ပြည့်လင်း၊ နန်းဆိုင်ဘရင်း၊ နှင်းစန္ဒာလှိုင်၊ မေသက်ပိုင်၊ ဇင်ငြိမ်းချစ်၊ ယမင်းလွင်နှင့် လွင်လွင်သက်တို့ ပါဝင်ကြသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ် ဆောင်ခဲ့သည့် “Soe Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေး တိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်နေ စိုးထွဋ်နိုင်အား ညနေ ၄ နာရီ ၅၀ မိနစ်တွင် အောင်မြေသာစံမြို့နယ် အမှတ်(၄)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများကြံ့ခိုင်မှု ကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ ယနေ့တွင် ပေါင်းလောင်း ရေလှောင်တမံတွင် ၃ ဒသမ ၄၇ ပေနှင့် ငလိုက်ရေလှောင်တမံတွင် သုည ဒသမ ၁၀ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ လျော့ကျလာလျက်ရှိသည်။

အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံ ၂၄၆ ခုအနက်မှ ယနေ့တွင် ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှရေကျော်စီးဆင်းနေသည့် ရေလှောင်တမံများမှာ ကရင်ပြည်နယ်တွင် တစ်ခု၊ ချင်းပြည်နယ်တွင် သုံးခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၀ ခု၊ မကွေးတိုင်းဒေသကြီးတွင် ကိုးခု၊ မန္တလေးတိုင်းဒေသကြီးတွင် လေးခု၊ နေပြည်တော်တွင် နှစ်ခု၊ မွန်ပြည်နယ်တွင် နှစ်ခု၊ ရခိုင်ပြည်နယ်တွင် တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် သုံးခု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နှစ်ခု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တစ်ခုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် လေးခုဖြစ်ပြီး စုစုပေါင်း ၄၄ ခုရှိကာ ယခင်နေ့ ရေကျော်ခဲ့သည့် ရေလှောင်တမံ ၄၇ ခုထက် သုံးခုလျော့နည်းခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ-၃၀.၉.၂၀၂၄
(၆:၀၀)နာရီ

အကြောင်းအရာ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များ ပေးပို့ခြင်း

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၃၀.၉.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၀.၃၆ | ၂၇၃၆၆၀ | ၃၅၀၂၂ | ၆၂၆.၈၆ | ၅၆၄၂၈၉ | ၁၈၈၃၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၄၇ | ၁၇၉၆၂ | ၀.၀၁ | ၆၂၇.၂၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၀၃ | ၆၂၄.၄၀ | ၂၅၈၀၄ | - | ၁၀.၆၀ | ၁၀၆၉၆ | - | - | - | ၆၂၄.၃၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၂၄ | ၅၁၈.၇၀ | ၈၈၂၂၁ | ၂၂၂ | ၁.၃၀ | ၃၅၄၉ | - | - | - | ၅၁၈.၇၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၃၀ | ၁၀၉၄၂ | ၇ | ၁.၇၀ | ၁၃၁၅ | - | - | - | ၅၁၀.၄၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၇၉ | ၄၃၇.၆၅ | ၆၈၉၅၀ | ၂၅ | ၁.၃၅ | ၄၀၅၀ | - | - | - | ၄၃၇.၆၅ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၉၆ | ၅၃၅.၁၀ | ၇၅၂၈၈ | - | - | - | ၀.၁၀ | ၆၂ | - | ၅၃၅.၁၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၆ | ၇၉၀၅ | - | ၁.၄၄ | ၈၁၃ | - | - | - | ၄၁၆.၅၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၃ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၇ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၅ | ၈၆၄.၅၀ | ၁၀၇၀၁ | - | ၅.၅၀ | ၃၈၉၉ | - | - | - | ၈၆၄.၇၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ရေပိုလွှဲမှ ရေကျော်နေသည့် တမံများ၏အခြေအနေ(၃၀.၉.၂၀၂၄)ရက်နေ့ (၀၆:၀၀)နာရီ**

| စဉ် | ရေလှောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၂၉.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၃၀.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော် အမြင့် (ပေ) | တမံထိပ် ရောက်ရှိရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၃.၅၀ | ၆၃.၄၀ | -၀.၁၀ | ၀.၄၀ | ၇.၆၀ | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ချင်းပြည်နယ်** | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၄.၅၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၀၀ | ၀.၅၀ | ၅.၀၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၀၀ | ၀.၁၀ | ၉.၁၅ | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ | ။ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၀၀ | ၀.၃၅ | ၉.၆၅ | - | - | - | ။ |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၉.၀၀ | ၄၈၉.၀၀ | ၀.၀၀ | ၂.၀၀ | ၉.၀၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၆ | ရာဇဗြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၂.၆၀ | ၆၄၂.၁၀ | -၀.၅၀ | ၁.၆၀ | ၁၇.၉၀ | ၆၅၃.၆၀ | ၁၃.၆၀ | ၃၁.၇.၂၀၁၅ | ။ |

စာမျက်နှာ ၁၇ သို့ ✪

✪ စာမျက်နှာ ၁၆ မှ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၄၀ | ၂၂၀.၄၀ | ၀.၀၀ | ၀.၄၀ | ၉.၆၀ | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ | စိုးရိမ်ရန်မရှိပါ။ |
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၂၀ | ၂၀၅.၁၀ | -၀.၁၀ | ၀.၁၀ | ၉.၉၀ | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ | ။ |
| ၉ | ငမြေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၃၀ | ၀.၀၀ | ၀.၃၀ | ၈.၇၀ | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ | ။ |
| ၁၀ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၃၀ | ၁၅၆.၁၀ | -၀.၂၀ | ၀.၁၀ | ၇.၉၀ | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ | ။ |
| ၁၁ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၇၇ | ၂၀၂.၆၀ | -၀.၁၇ | ၁.၁၅ | ၁၈.၅၄ | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ | ။ |
| ၁၂ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၃၀ | ၁၉၄.၂၀ | -၀.၁၀ | ၁.၂၀ | ၉.၃၀ | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၁၃ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၇.၅၀ | ၂၅၇.၀၀ | -၀.၅၀ | ၂.၀၀ | ၁၃.၀၀ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ | ။ |
| ၁၄ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၅.၈၀ | ၂၆၅.၆၀ | -၀.၂၀ | ၀.၆၀ | ၁၄.၄၀ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ | ။ |
| ၁၅ | သဲကော | သာယာဝတီ/လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၁.၅၀ | ၁၅၁.၄၀ | -၀.၁၀ | ၁.၄၀ | ၈.၆၀ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ | ။ |
| ၁၆ | သုံးဆယ် | သာယာဝတီ/သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၆.၀၀ | ၂၃၅.၉၀ | -၀.၁၀ | ၁.၉၀ | ၁၀.၁၀ | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ | ။ |
| | | မကွေးတိုင်းဒေသကြီး | | | | | | | | | | | |
| ၁၇ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၄.၃၀ | ၆၈၄.၀၀ | -၀.၃၀ | ၁.၀၀ | ၂၂.၅၀ | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၁၈ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၂.၀၀ | ၁၀၁၁.၇၀ | -၀.၃၀ | ၁.၇၀ | ၁၈.၃၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၁၂ | ။ |
| ၁၉ | ဝန်ချောင်း(ကဇွန်းမ) | ပခုက္ကူ/ဆိပ်ဖြူ | ၄၁၀.၀၀ | ၄၂၀.၀၀ | ၄၁၀.၄၀ | ၄၁၀.၂၀ | -၀.၂၀ | ၀.၂၀ | ၉.၈၀ | ၄၁၆.၀၀ | ၆.၀၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၂၀ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၁.၂၀ | ၇၆၁.၄၀ | ၀.၂၀ | ၁.၄၀ | ၁၈.၆၀ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ | ။ |
| ၂၁ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၃၄.၈၀ | ၅၃၄.၁၀ | -၀.၇၀ | ၄.၁၀ | ၃၅.၉၀ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၂ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၀၀ | ၆၂၆.၀၀ | ၀.၀၀ | ၁.၀၀ | ၁၄.၀၀ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ | ။ |
| ၂၃ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၆.၀၀ | ၃၄၅.၅၀ | -၀.၅၀ | ၅.၅၀ | ၃၅.၀၀ | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၄ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၀.၇၀ | ၄၂၀.၈၀ | ၀.၁၀ | ၀.၈၀ | ၁၇.၂၀ | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၂၅ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၄.၇၀ | ၄၃၄.၅၀ | -၀.၂၀ | ၀.၅၀ | ၁၆.၅၀ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ | ။ |
| | | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | |
| ၂၆ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၂၀ | ၈၄၀.၂၀ | ၀.၀၀ | ၀.၂၀ | ၇.၃၀ | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ | စိုးရိမ်ရန်မရှိပါ။ |
| ၂၇ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၇၉၇.၀၀ | ၇၈၈.၁၀ | ၇၈၈.၁၀ | ၀.၀၀ | ၀.၁၀ | ၈.၉၀ | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ | တမံထိပ်ရေကျော်ခဲ့သော်လည်း ထိခိုက်မှုမရှိပါ။ |
| ၂၈ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၂၀ | ၇၂၂.၁၀ | -၀.၁၀ | ၀.၁၀ | ၁၂.၉၀ | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ | စိုးရိမ်ရန်မရှိပါ။ |
| ၂၉ | ကျောက်တစ်လုံး | မြင်းခြံ/တောင်သာ | ၆၄၅.၀၀ | ၆၅၈.၀၀ | ၆၄၅.၂၀ | ၆၄၅.၂၀ | ၀.၀၀ | ၀.၂၀ | ၁၂.၈၀ | ၆၄၆.၉၀ | ၁.၉၀ | ၂၄.၁၀.၂၀၁၀ | ။ |
| | | နေပြည်တော် | | | | | | | | | | | |
| ၃၀ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၇.၂၉ | ၆၂၆.၈၆ | -၀.၄၃ | ၃.၄၇ | ၃၉.၁၈ | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၁ | ငလိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၁၀ | ၅၃၅.၁၀ | ၀.၀၀ | ၀.၁၀ | ၁၉.၉၀ | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ | ။ |
| | | မွန်ပြည်နယ် | | | | | | | | | | | |
| ၃၂ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၅၀ | ၉၆.၆၀ | ၀.၁၀ | ၀.၆၀ | ၈.၉၀ | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၃ | ကဇိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၃၅ | ၅၈.၃၀ | -၀.၀၅ | ၀.၃၀ | ၉.၇၀ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ | ။ |
| | | ရခိုင်ပြည်နယ် | | | | | | | | | | | |
| ၃၄ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၀.၀၀ | ၁.၄၀ | ၈.၆၀ | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ | စိုးရိမ်ရန်မရှိပါ။ |
| | | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | |
| ၃၅ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၇.၀၀ | ၂၁၆.၈၅ | -၀.၁၅ | ၀.၈၅ | ၉.၁၅ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၃၆ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၉.၁၀ | ၁၀၈.၉၅ | -၀.၁၅ | ၁.၉၅ | ၁၁.၀၅ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ | ။ |
| ၃၇ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၄၀ | ၁၉၆.၁၅ | -၀.၂၅ | ၁.၁၅ | ၈.၈၅ | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ | ။ |
| | | ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | | | | | | | | |
| ၃၈ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၂၁၂၅.၀၀ | ၂၁၄၀.၀၀ | ၂၁၂၇.၄၀ | ၂၁၂၇.၄၀ | ၀.၀၀ | ၂.၄၀ | ၁၂.၆၀ | ၂၁၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ | စိုးရိမ်ရန်မရှိပါ။ |
| ၃၉ | မြို့ကြီး | တောင်ကြီး/ရွှာငံ | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၂.၂၀ | ၆၉၁.၉၀ | -၀.၃၀ | ၂.၉၀ | ၂၂.၁၀ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ | ။ |
| | | ရှမ်းပြည်နယ်(မြောက်ပိုင်း) | | | | | | | | | | | |
| ၄၀ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၀၀ | ၀.၅၀ | ၁၃.၅၀ | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| | | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | |
| ၄၁ | ကွန်ချောင်း | ဟသ်ာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၇.၈၀ | ၂၇၇.၇၀ | -၀.၁၀ | ၀.၇၀ | ၉.၃၀ | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၂ | မမြ | ဟသ်ာတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၆.၃၀ | ၃၁၆.၂၀ | -၀.၁၀ | ၁.၂၀ | ၁၃.၈၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ | ။ |
| ၄၃ | နန်ကသူ | ဟသ်ာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၁.၂၀ | ၂၆၀.၉၀ | -၀.၃၀ | ၀.၉၀ | ၁၄.၁၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ | ။ |
| ၄၄ | ကညင် | ဟသ်ာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၈၉.၇၀ | ၂၈၉.၇၀ | ၀.၀၀ | ၁.၇၀ | ၁၈.၃၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ | ။ |
| | | ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | | | | | | | | |
| ၁ | အင်းလေးကန် | တောင်ကြီး/ညောင်ရွှေ | ၂၉၀၅.၀၀ | ၂၉၀၅.၀၀ | ၂၉၀၇.၁၀ | ၂၉၀၆.၄၀ | -၀.၇၀ | ၁.၄၀ | -၁.၄၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |

ရေကျော်ရေလှောင်တမံ(၄၄)ခုနှင့် ကန်(၁)ခု၊ စုစုပေါင်း (၄၅)ခု ဖြစ်ပါသည်။

ယခင်နေ့ နံနက် (၀၆:၀၀) နာရီ၏ ရေကျော်ရေလှောင်တမံ (၄၇)ခုထက် ရွှေပြည်(၃)၊ ရင်းရှည်နှင့် ပဒဲရေလှောင်တမံ(၃)ခု လျော့နည်းခြင်းဖြစ်ပါသည်။

# တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် သန်းခေါင်စာရင်း

ကိုယဉ်ချစ် (မန္တလေး)

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းတစ်ခုလုံး၏ အဓိကကျသည့် ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းကြီးကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းဆိုသည်မှာ တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကောက်ယူသည့် လူဦးရေစာရင်း၊ အိမ်ထောင်စုပါ အမည်နှင့်တကွသော လူဦးရေစာရင်းဟု မြန်မာအဘိဓာန်တွင် ဖော်ပြထားပါသည်။



### သန်းခေါင်စာရင်း သမိုင်းကြောင်း

မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ် အင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက်နှင့် ၁၁၄၅ ခုနှစ် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်များတွင် လက်ရှိအခြေအနေမှန်များကို သိရှိနိုင်ရန် နိုင်ငံတော်၏ လူဦးရေ၊ မြေအကျယ်အဝန်း၊ သီးနှံအထွက်နှုန်း၊ စီးပွားရေးအခြေအနေနှင့် ပေးဆောင်ရသည့် အခွန်အတုတ်နှုန်းများပါဝင်သည့် စီးပွားရေးစစ်တမ်း အသွင်ကောက်ယူခဲ့ကြောင်း မှတ်တမ်းများအရ သိရပါသည်။

ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ၁၈၇၂ ခုနှစ် ညသန်းခေါင်အချိန်တွင် သန်းခေါင်စာရင်း စတင်ကောက်ယူခဲ့ကြောင်း သိရပါသည်။ ထို့နောက် ၁၈၈၁ ခုနှစ်မှစတင်၍ ၁၀ နှစ်လျှင်တစ်ကြိမ် စာရင်းကောက်ယူခဲ့ရာ ၁၈၈၁ ခုနှစ်တွင် ဗြိတိသျှတို့ သိမ်းပိုက်ထားသည့် အောက်မြန်မာပြည်၏ လူဦးရေမှာ နှစ်သန်းကျော် သုံးသန်းခန့်သာ ရှိသည်ဟုဆိုပါသည်။ ၁၈၈၆ ခုနှစ်၌ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ပြီးနောက် ၁၈၉၁ ခုနှစ်မှစတင်၍ တစ်ပြည်လုံး စာရင်းကောက်ယူခဲ့ရာ အောက်မြန်မာပြည်တွင် ၄၄၀၈၄၆၆ ဦးနှင့် အထက်မြန်မာပြည်တွင် ၃၃၁၃၅၈၇ ဦးရှိခဲ့သည်။ ထိုအချိန်က ဗြိတိသျှအစိုးရ၏ သွေးခွဲအုပ်ချုပ်ရေးအစီအမံများအရ ကရင်ပြည်နယ်နှင့် ကရင်နီပြည်နယ် (ယခု ကယား) တို့ မပါဝင်ခဲ့ပေ။

၁၉၃၁ ခုနှစ်တွင် စာရင်းကောက်ယူရာတွင် အောက်မြန်မာပြည်၌ ၇၇၆၅၈၇၃ ဦးနှင့် အထက်မြန်မာပြည်၌ ၆၈၈၁၈၈၃ ဦး စုစုပေါင်း ၁၄၆၄၇၇၅၆ ဦး (၁၄ ဒသမ ၆၇ သန်းကျော် ) ရှိခဲ့ပြီး ၁၀ နှစ်အကြာတွင် ကောက်ယူခဲ့သည့် ၁၉၄၁ ခုနှစ် လူဦးရေစာရင်းအရ အောက်မြန်မာပြည်တွင် ၇၇၆၅၈၇၃ ဦးနှင့် အထက်မြန်မာပြည်တွင် ၇၉၀၆၂၆၅ ဦး စုစုပေါင်း ၁၆၈၂၃၇၉၈ ဦး (၁၆ ဒသမ ၂၃ သန်းကျော်) ရှိပြီး မြန်မာနိုင်ငံ၏ မြေဧရိယာအကျယ်အဝန်းမှာ ၂၃၃၄၉၂ စတုရန်းမိုင်ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားမှုကြောင့် ၁၉၄၁ ခုနှစ် စာရင်းများ၊ မှတ်တမ်းများ ပျောက်ပျက်ခဲ့ရသည်။ ဗြိတိသျှအစိုးရလက်ထက်တွင် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် ရည်ရွယ်ချက်မှာ အခွန်တော်ရရှိရေး၊ စစ်မှုထမ်းနိုင်သည့် လူဦးရေသိရှိနိုင်ရေး၊ မြန်မာနိုင်ငံမှ သဘာဝသယံဇာတအဆီအနှစ်များကို ထုတ်ယူနိုင်ရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း သန်းခေါင်စာရင်းများကောက်ယူရာတွင် တိုင်းပြည်၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာများကို စီမံကိန်းများရေးဆွဲကာ စနစ်တကျဖြည့်ဆည်းပေးနိုင်ရေးအတွက်ဖြစ်ပါသည်။

၁၉၄၁ ခုနှစ်မှ ၁၀ နှစ်ပြည့်သည့် ၁၉၅၁ ခုနှစ်တွင် ပြည်တွင်းသောင်းကျန်းမှုများကြောင့် စာရင်းမကောက်ယူနိုင်ခဲ့ပါ။ ၁၉၅၃ ခုနှစ်တွင် မြန်မာပြည်တစ်ဝန်းလုံး မြို့ပေါင်း ၂၅၂ မြို့မှ မြို့နေလူဦးရေစာရင်းများ ကောက်ယူခဲ့ပါသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရတာဝန်ယူပြီးနောက် ၁၉၆၄ ခုနှစ်တွင် ဗဟိုစာရင်းအင်းနှင့် စီးပွားရေးဌာန၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် သန်းခေါင်စာရင်းဌာနတို့ပူးပေါင်းပြီး ကျောင်းဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းကူညီမှုဖြင့် လူဦးရေနှင့် စီးပွားရေး စစ်တမ်းကောက်ယူခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက် ၁၉၇၂ ခုနှစ်တွင် သန်းခေါင်စာရင်းဥပဒေကို ပြဋ္ဌာန်းပြီး ၁၉၇၃ ခုနှစ် ဧပြီလ ၅ ရက်နေ့အထိ သန်းခေါင်စာရင်းကောက်ယူခဲ့ပါသည်။ ယင်းသို့ကောက်ယူရာတွင် ဗဟိုသန်းခေါင်စာရင်းဦးစီးဌာနက မေးခွန်း ၂၅ ခု ပါရှိသည့် သန်းခေါင်စာရင်းပုံစံသစ်များကို အပိုင်းလေးပိုင်းခွဲ၍ ထုတ်ပြန်ပေးခဲ့သည်။ အဆိုပါစာရင်းတွင် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးအပေါ် အခြေပြုကောက်ယူခဲ့သည်။ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးမှာ ကချင် ၁၂ မျိုး၊ ကယား ကိုးမျိုး၊ ကရင် ၁၁ မျိုး၊ ချင်း ၅၃ မျိုး၊ ဗမာ ကိုးမျိုး၊ မွန် တစ်မျိုး၊ ရခိုင် ခုနစ်မျိုးနှင့် ရှမ်း ၃၃ မျိုး တို့ဖြစ်ကြောင်း သိရသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် အပြည့်ကောက် လူဦးရေသန်းခေါင်စာရင်း၊ နမူနာ လူဦးရေသန်းခေါင်စာရင်း၊ နမူနာအိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ စက်မှုလက်မှုသန်းခေါင်စာရင်း၊ အိမ်တွင်းစက်မှုလက်မှုသန်းခေါင်စာရင်း၊ အိမ်တွင်းစားသုံးကုန်ထုတ်လုပ်ခြင်း သန်းခေါင်စာရင်း၊ စိုက်ပျိုးရေး သန်းခေါင်စာရင်း စသည်ဖြင့်အမျိုးအစားကွဲပြားပြီး ၁၉၇၃ ခုနှစ်က ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းသည် အပြည့်ကောက်လူဦးရေသန်းခေါင်စာရင်းအမျိုးအစားဖြစ်ကြောင်း သိရပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံး အပြည့်ကောက်လူဦးရေ သန်းခေါင်စာရင်းဖြစ်သည်။

၁၉၇၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းသည် ပြည်သူ့ကိုယ်စားလှယ်များထံ အာဏာပြန်လည်အပ်နှံရန် ၁၉၇၄ ခုနှစ်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများအတွက် မဲဆန္ဒရှင်စာရင်းပြုစုရေးနှင့် ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး စီမံကိန်းအရပ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ရန်ဖြစ်သည်။ အဆိုပါ လုပ်ငန်းများအတွက် အခြေခံစာရင်းအချက်အလက်များ ရရှိခဲ့သည်။

၁၉၈၃ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခဲ့သော်လည်း ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်းမရှိဟု ဆိုသည်။ ၁၉၈၃ ခုတွင် ရွေ့ပြောင်းလူဦးရေစာရင်းအဖြစ် တစ်နိုင်ငံလုံးတွင် လူဦးရေ ၃၅ ဒသမ ၃ သန်းကျော်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။ ၁၉၈၃ ခုနှစ်နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ တိုင်အောင် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့ဘဲ ၂၀၁၄ ခုနှစ်မှသာ ကောက်ယူနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းတွင် လူဦးရေသန်းခေါင်စာရင်းနှင့် အိမ်ထောင်စုစစ်တမ်း၊ လုပ်သားအင်အားစုစစ်တမ်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ မွေးဖွားဦးရေ၊ သေဆုံးနှင့်ကျန်ဦးရေ၊ ရွှေ့ပြောင်းသွားလာသူဦးရေနှင့် အိမ်အကြောင်းအရာစသည်တို့ကို ပြည့်စုံစွာကောက်ယူနိုင်ခဲ့သည်။

သဘာဝအကြောင်းတရား များစွာတို့၏ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေမည့် လူဦးရေစာရင်းနှင့်ဆက်စပ်သည့် အကြောင်းအရာ အချက်အလက်စာရင်းများကို တိကျမှန်ကန်စွာ ကောက်ယူပြုစုရမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ လူဦးရေနှင့် အိမ်အကြောင်းအရာများကို စာရင်းကောက်ယူမည်ဖြစ်သည်။ ရရှိလာမည့် စာရင်းများကို အခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့်လိုအပ်သည့်လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန်ဖြစ်ပါသည်။ သန်းခေါင်စာရင်းသည် နိုင်ငံတော်၏ စီမံကိန်းများ အောင်မြင်စေရန် အထောက်အပံ့ဖြစ်စေမည့် အခြေခံကျသည့် လုပ်ငန်းစဉ်ကြီးဖြစ်သည်။ တိကျမှန်ကန်သော စာရင်းများရရှိပါက ပြည်သူတစ်ဦးချင်းစီနှင့် ပြည်သူအားလုံး၏ အနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်မှု၊ တစ်မျိုးသားလုံး၏အကျိုးစီးပွားများကို လိုအပ်သလို ဖြည့်ဆည်းပေးရန် အထောက်အကူများရရှိနိုင်မည်ဖြစ်သည်။

### စာရင်း ထည့်ကောက်ရမည့်သူများနှင့် ထည့်မကောက်ရမည့်သူများ

သန်းခေါင်စာရင်း ကောက်ယူရာတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညဉ့်သန်းခေါင်ယံ)တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိသူ/ နေထိုင်သူများ၊ သန်းခေါင်စာရင်းရည်ညွှန်းချိန် ကျော်လွန်ပြီးမှ သေဆုံးသူများနှင့် နိုင်ငံခြားသို့ရောက်ရှိနေသော မြန်မာနိုင်ငံ သံရုံးဝန်ထမ်းများအပါအဝင် နိုင်ငံခြားတွင်နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ စာရင်းကို ထည့်သွင်းကောက်ယူသွားမည် ဖြစ်သည်။ မြန်မာနိုင်ငံအခြေစိုက်သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားသံတမန်များနှင့် မိသားစုဝင်များ၊ သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညဉ့်သန်းခေါင်ယံ) ကျော်လွန်ပြီးမှ မွေးဖွားသော ကလေးများကို စာရင်းတွင် ထည့်သွင်းမကောက်ပါ။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း ၁၅ ရက်ကြာ တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ပါမည်။ စာရင်းကောက်သူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်သို့လာရောက်စာရင်းကောက်ပါမည်။ နေအိမ်သို့စာရင်းလာကောက်မည့်နေ့ကို စာမျက်နှာ ၁၉ သို့ ■

> ❝ မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်းဖြင့် နိုင်ငံတော်မှ သင်နေထိုင်ရာနယ်မြေအတွင်းတွင် လိုအပ်သည့် စာသင်ကျောင်းအရေအတွက်၊ လိုအပ်သော ဆေးရုံ /ဆေးပေးခန်းအရေအတွက်၊ ရေပေးဝေမှုစနစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေရမည့် ပမာဏ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည့်အခြေအနေ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မသန်စွမ်းသူများစောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များစောင့်ရှောက်ရေး၊ လူမှုအခြေခံအဆောက်အအုံ (လမ်း၊ တံတား၊ အိမ်ရာ)များ တည်ဆောက်နိုင်ရေးတို့ကို ဆောင်ရွက်ပေးနိုင်မည် ❞

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲဝင်ရောက်ရန် စခန်းသွင်းလေ့ကျင့်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး



ပုသိမ် စက်တင်ဘာ ၃၀

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲဝင်ရောက်ရန် ပုသိမ် ပညာရေးဒီဂရီကောလိပ် ပညာရတနာခန်းမ၌ စခန်းသွင်းလေ့ကျင့်နေမှုများနှင့် ပုသိမ်တက္ကသိုလ် စံပယ်ဆောင် မြကန်သာခန်းမ၌ ပြိုင်ပွဲဝင်များ၏ အရည်အချင်းစစ်ဆေးနေမှုများကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

## တွေ့ဆုံအားပေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ပညာရတနာခန်းမ၌ ပြိုင်ပွဲဝင်များ၏ ကျေးလက်ရိုးရာအက၊ ကဗျာလွတ်အကနှင့် ချင်းတိုင်းရင်းသားရိုးရာအကများဖြင့် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကာ လိုအပ်သည်များကိုမှာကြား၍ ချီးမြှင့်ငွေများပေးအပ်ပြီး ပြိုင်ပွဲဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ် စံပယ်ဆောင် မြကန်သာခန်းမ၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲဝင်ရန်အတွက် မယ်ဒလင်၊ ပတ္တလား၊ စောင်း အတီးပြိုင်ပွဲဝင်များ၏ အရည်အချင်း စစ်ဆေးနေမှုများကို ဆက်လက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ပြင်ဦးလွင်မြို့ရှိ မော်တော်ယာဉ်နည်းပညာသုတေသနဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃၀

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ မော်တော်ယာဉ်နည်းပညာ သုတေသနဌာန၌ ဌာနတာဝန်ခံ ဒေါက်တာဝင်းထိုက်အောင်နှင့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ဆားကစ်ဘုတ် ပုံစံငယ်နည်းပညာဌာနခွဲ၊ ထိန်းချုပ်မှုအင်ဂျင်နီယာ နည်းပညာဌာနခွဲ၊ ပုံစံငယ်ထုတ်လုပ်မှုအင်ဂျင်နီယာ နည်းပညာဌာနခွဲ၊ မော်တော်ယာဉ်စွမ်းအားနည်းပညာ ဌာနခွဲ၊ မော်တော်ယာဉ်ရွေ့လျားမှုနည်းပညာဌာနခွဲ၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာဌာနခွဲ၊ အဆင့်မြင့်ပုံစံပြုခြင်းဆိုင်ရာ အင်ဂျင်နီယာဌာနခွဲ တို့တွင် ဆောင်ရွက်လျက်ရှိသော EV သုတေသန လုပ်ငန်းများမှ ရလဒ်အခြေအနေများ၊ EV လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး EV ကဏ္ဍဖွံ့ဖြိုးရေး လက်တွေ့ကျကျ အကျိုးပြုနိုင်သော သုတေသနရလဒ်များရရှိအောင် အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများ အမှန်တကယ်တိုးတက်မှုရှိစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် စွမ်းရည်များအစဉ် မြင့်မားစေရေး ပုံမှန်ဆန်းစစ်မွမ်းမံသွားရန်၊ EV သုံးစွဲသည့် ပြည်သူများ၏ လက်ဝယ်အရောက် ဘေးအန္တရာယ်ကင်းရှင်းရေး SOP များနှင့်အညီ အသုံးပြုနိုင်ရေး နည်းပညာ၊ အသိပညာဖြန့်ဝေရေး လုပ်ငန်းများကို ထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ညနေပိုင်း၌ ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံသို့ ရောက်ရှိပြီး အင်ဂျင်နီယာဌာနများရှိ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကာ ပြင်ဦးလွင်ရှိ MSME များ ဖွံ့ဖြိုးရေး အထောက်အကူပြုသုတေသနများနှင့် လက်တွေ့လုပ်ငန်းများကို အဓိကမြှင့်တင်ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ရေးဖြေနှင့် ပုံဆွဲဖြေစာမေးပွဲခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ယဉ်ကျေးမှုဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်ချက် တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာကြည့်တိုက်အတွက် ဘာသာရပ်ဆိုင်ရာများနှင့် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၁၈ မှ

ကြိုတင်အကြောင်းကြားပါမည်။ သန်းခေါင်စာရင်းကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်း ပုံစံ (၆၆/၆) သို့မဟုတ် ပုံစံ (၁၀) ရှိခြင်း/ မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိခြင်း/ မရှိခြင်းနှင့် မသက်ဆိုင်ပါ။ တိုင်းရင်းသားဖြစ်ခြင်း/ မဖြစ်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း/ မဖြစ်ခြင်းနှင့် မသက်ဆိုင်ပါ။ သန်းခေါင်စာရင်း ထည့်မကောက်ရသူများမှအပ သန်းခေါင်စာရင်းရည်ညွှန်းချိန်အတွင်း မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှိနေသူအားလုံးကို စာရင်းကောက်ယူပါမည်။ သန်းခေါင်စာရင်းကောက်ယူခြင်းအားဖြင့်သိရှိရသော ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခွန်ကောက်ခြင်း၊ အရေးယူခြင်းတို့ကို လုံးဝ (လုံးဝ) ပြုလုပ်မည်မဟုတ်ပါ။ သန်းခေါင်စာရင်း မေးခွန်းတွင် မေးမြန်းထားသော နိုင်ငံခြားသို့ ရောက်ရှိနေကြသော အိမ်ထောင်စုဝင်များအတွက်လည်း စိုးရိမ်ရန်မလိုပါ။ မည်သို့မျှ အရေးယူမည် မဟုတ်ပါ။

## မေးမြန်းမည့် မေးခွန်းများ

စာရင်းကောက်သူများက မေးခွန်းများ မေးမြန်းမည်ဖြစ်ရာ မှန်ကန်စွာဖြေဆိုပေးကြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မေးမြန်းမည့် မေးခွန်းများမှာ အမည်၊ အိမ်ထောင်စုဦးစီးနှင့်တော်စပ်ပုံ၊ ကျား /မ၊ ပြည့်ပြီးအသက်၊ မွေးသက္ကရာဇ် ( ရက်/ လ / နှစ် )၊ ကိုးကွယ်သည့်ဘာသာ၊ အိမ်တွင် အဓိကပြောဆိုသော ဘာသာစကား၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား၊ အိမ်ထောင်ရေးအခြေအနေ၊ မွေးစာရင်း ရှိ/မရှိ၊ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း အကြောင်းအရာ၊ ပညာရေးအကြောင်းအရာ၊ လုပ်သားအင်အားအကြောင်းအရာ၊ မွေးဖွားခြင်းအကြောင်းအရာ (အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ အသက် ၁၀ နှစ်နှင့်အထက်)၊ မသန်စွမ်းမှုအကြောင်းအရာ၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်း အကြောင်းအရာ၊ နေအိမ်အမျိုးအစား၊ ပိုင်ဆိုင်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးပစ္စည်းများ၊ အိမ်ရှိအခန်းအရေအတွက်နှင့် အိပ်ခန်းအရေအတွက်၊ သောက်သုံးရေရရှိမှု၊ အလင်းရောင်အတွက် မီးအသုံးပြုမှု၊ လောင်စာအသုံးပြုမှု၊ အိမ်သာအမျိုးအစားနှင့် မျှဝေသုံးစွဲမှု၊ အမှိုက်စွန့်ပစ်မှု၊ လက်ဆေးခြင်းအကြောင်းအရာနှင့် လွန်ခဲ့သော ၁၂ လအတွင်း အိမ်ထောင်စုဝင်များထဲမှ သေဆုံးမှု စသည့်အချက်အလက်များဖြစ်ပါသည်။

မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်းဖြင့် နိုင်ငံတော်မှ သင်နေထိုင်ရာနယ်မြေအတွင်းတွင် လိုအပ်သည့် စာသင်ကျောင်းအရေအတွက်၊ လိုအပ်သော ဆေးရုံ /ဆေးပေးခန်းအရေအတွက်၊ ရေပေးဝေမှုစနစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေရမည့် ပမာဏ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည့် အခြေအနေ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မသန်စွမ်းသူများစောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များစောင့်ရှောက်ရေး၊ လူမှုအခြေခံ အဆောက်အအုံ (လမ်း၊ တံတား၊ အိမ်ရာ)များ တည်ဆောက်နိုင်ရေးတို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

သန်းခေါင်စာရင်းအတွက် ထုတ်ပြန်ထားသည့် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေတွင်လည်း ပြည်သူတို့၏ ကိုယ်ရေးအချက်အလက်များကို လုံခြုံမှုအတွက် အကာအကွယ်ပေးထားပြီးဖြစ်သဖြင့် တိုင်းရင်းသားပြည်သူများအနေဖြင့် စာရင်းကောက်ယူရေးအဖွဲ့မှ မေးမြန်းသည့်မေးခွန်းများကို မှန်ကန်ပြည့်စုံစွာ ဖြေကြားပေးရန် လိုအပ်ပါသည်။ ဖြေဆိုသည့် အချက်အလက်များ မမှန်ကန်ပါက ပြည်သူများသာ နစ်နာရမည်ဖြစ်ပါသည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီးသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားသည့်အပြင် ငွေကြေးကုန်ကျမှုလည်း များပြားသည့် လုပ်ငန်းကြီးဖြစ်ပါသည်။ ပြည်တွင်းရှိလူ့စွမ်းအားအရင်းအမြစ်များကိုအခြေခံ၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုစွမ်းအားများဖြင့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်မည်ဟု ယုံကြည်ပါသည်။ သန်းခေါင်စာရင်းမှရရှိလာမည့် ကိန်းဂဏန်းစာရင်းအချက်အလက်များသည်နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံကျသောအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမ ရည်မှန်းချက်ဖြစ်သော လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မဲစာရင်းတိကျမှန်ကန်စေရေး အသုံးချသွားနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် မရှိမဖြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ လက်ရှိအစိုးရလက်ထက်သာမက နောင်အစိုးရအဆက်ဆက်အထိ လက်ဆင့်ကမ်းပေးနိုင်မည့် ကိန်းဂဏန်းအချက်အလက်များဖြစ်ခြင်းကြောင့် တိကျမှန်ကန်ရေးနှင့် စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီး တစ်ရပ်လုံး အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

**ကိုးကား –**

- ၁-၉-၂၀၂၄၊ ၂-၉-၂၀၂၄၊ ၇-၉-၂၀၂၄ နှင့် ၉-၉-၂၀၂၄ ရက်နေ့ထုတ် သတင်းစာများ
- ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၏ လက်ကမ်းစာစောင်

## ပုံပြင်

# အပြာရောင်မီးခြစ်

ငွေတာရီ

တစ်ရံရောအခါ စစ်သားတစ်ယောက်ရှိလေ၏။ သူသည် ဘုရင့်ထံတွင် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့လေသည်။ သို့ရာတွင် နောက်ဆုံး၌ကား အခကြေးငွေလည်း တစ်ပြားတစ်ချပ်မျှမရ၊ ဆုလာဘ်လည်း မရဘဲ ပစ်ပယ်ထားခြင်းခံရလေ၏။ ထို့ကြောင့် သူသည် ညှိုးငယ်စွာ နေရင်းရွာသို့ ပြန်ခဲ့လေတော့၏။

လမ်းတွင် သူသည် တောအုပ်တစ်ခုကိုဖြတ်သန်းသွားရလေသည်။ တောအုပ်၏ အလယ်သို့ ရောက်သော် တဲငယ်တစ်လုံးကို တွေ့ရလေ၏။ ထိုတဲတွင် စုန်းမကြီးတစ်ဦး နေထိုင်လေသည်။ စစ်သားသည် တစ်ညတာမျှ တည်းခိုခွင့်ပြုပါမည့်အကြောင်း စုန်းမကြီးအား တောင်းပန်လေသည်။ သို့ရာတွင် စုန်းမကြီးကမူ သူ၏ တောင်းပန်ချက်ကို လက်မခံချေ။

မည်သို့ပင်ဖြစ်စေ စစ်သားက မလျှော့။ အထပ်ထပ် တောင်းပန်၍သာ နေလေတော့သည်။ နောက်ဆုံးတွင် စုန်းမကြီးက သူ၏တစ်ခြံလုံးကို မြေပေါက်ပေးပါမူ တည်းခိုတော့ဟုဆို၏။ စစ်သားလည်း ဝမ်းမြောက်ဝမ်းသာ ပြုလုပ်ပေးပါမည်ဟု ဝန်ခံလေသည်။

သို့ဖြင့် နောက်တစ်နေ့၌ စစ်သားသည် ခြံမြေတစ်ခုလုံးကို ကောင်းစွာ မြေပေါက်၍ ပေးလေသည်။ သို့ရာတွင် ထိုလုပ်ငန်းမှာ တစ်နေကုန်မှ ပြီးစီးသဖြင့် ငှင်းညအဖို့ ထပ်မံ၍ အိပ်စက်နားနေခွင့်ပြုရန် တောင်းပန်ရပြန်လေ၏။ ဤတွင် လှည်းတစ်စီးတိုက်ထင်းများကို ခွဲပေးရမည်ဟူသော တောင်းဆိုချက်ဖြင့် စုန်းမကြီးက သူ့အား တစ်ညထပ်၍ ခွင့်ပြုပြန်လေသည်။

ထိုအလုပ်မှာ နေဝင်သည်အထိ လုပ်ကိုင်ရသောကြောင့် သူ့မှာ ပင်ပန်းလှသဖြင့် တစ်ညမျှ ထပ်မံခွင့်ပြုရန် တောင်းပန်ရပြန်၏။ ထိုအခါ စုန်းမကြီးက ရေတွင်းထဲတွင် ကျ၍နေသော အပြာရောင် မီးခြစ်ဘူးကို ယူပေးရမည်ဟု ဆိုလေသည်။ စစ်သားလည်း ဝန်ခံလေ၏။

နံနက်လင်းသောအခါ စုန်းမကြီးလည်း စစ်သားကို ရေတွင်းရှိရာသို့ ခေါ်၍ သွားလေသည်။ သူသည် စစ်သားအား ကြိုးဖြင့်ချည်၍ ရေတွင်းထဲသို့ ချပေး၏။ ရေတွင်းထဲရှိ အပြာရောင်မီးခြစ်ကို ရသည်နှင့် တစ်ပြိုင်နက် သူ့အား ဆွဲတင်ရန် အချက်ပေးရမည်ဟုလည်း မှာလိုက်၏။ စစ်သားလည်း ပြောသည့်အတိုင်း လုပ်လေသည်။

သို့ရာတွင် စုန်းမကြီးသည် စစ်သားအား ရေတွင်းအဝနားထိ ဆွဲတင်ပြီးနောက် မီးခြစ်ကို သူ့အား လှမ်းပေးထားနှင့်ရန် ပြောလေသည်။ သူ၏ အကြံမှာကား မီးခြစ်ရသည်နှင့်တစ်ပြိုင်နက် စစ်သားကို ရေတွင်းထဲသို့ ပြန်လည်တွန်းချလိုက်ရန် ဖြစ်လေသည်။ သို့သော် စစ်သားကား သူ၏ အကြံအစည်ကို ကောင်းစွာရိပ်မိလေသည်။ ထို့ကြောင့် မီးခြစ်ကို မပေးဘဲ သူ့အား ကုန်းပေါ်ရောက်သည်ထိ ဆွဲတင်ရန်သာ ပြောဆိုလေသည်။ ဤတွင် အမျက်ထွက်လာသော စုန်းမကြီးသည် အနှစ်နှစ်အလလက တောင့်တလာခဲ့သော မီးခြစ်ကိုပင် မစုံမက်နိုင်တော့ဘဲ စစ်သားကို တွန်း၍ ချလိုက်လေတော့၏။

စစ်သားလည်း ရေတွင်းအောက်ဆုံးတွင် ထိုင်လျက် မည်သို့ပြုရပါမည်နည်းဟု ကြံစည်စိတ်ကူးနေလေ၏။ ထိုအချိန်၌ သူ၏ဆေးတံသည် အင်္ကျီအိတ်အတွင်း၌ ပါလာလျက်ရှိလေသည်။ သူသည် တစ်ဝက်မျှကျန်သောဆေးတို့ကိုမြင်လျှင် ဆေးတံသောက်လိုစိတ် ပေါ်လာလေသည်။ ထို့ကြောင့် အပြာရောင်မီးခြစ်ကိုခြစ်၍ မီးညှိလေတော့၏။

ဤတွင် မီးခိုးလုံးတစ်လုံး တက်လာပြီးနောက် နက်မှောင်သော လူပုကလေးတစ်ယောက်သည် မီးခိုးများအကြား သွားလာနေသည်ကို မြင်ရလေ၏။ ထိုလူပုကလေးက စစ်သားအား အဘယ်ကြောင့် သူ့ကို ခေါ်ပါသနည်းဟု မေးမြန်းလေ၏။ စစ်သားသည် ပထမသော် အကြောင်းကိုမသိသဖြင့် သူမခေါ်ရပါဟု ပြန်ပြောလေ၏။ ထိုအခါ လူပုကလေးက သူသည် မီးခြစ်၏ အစောင့်ဖြစ်ကြောင်း၊ မီးခြစ်၍ ညှိတိုင်းလာရကြောင်း၊ သခင်ဖြစ်သော မီးခြစ်ပိုင်ရှင်အတွက် အလိုရှိရာဆောင်ရွက်ပေးရကြောင်း ရှင်းပြလေသည်။

ထိုလူပုကလေးက စစ်သားအား အဘယ်ကြောင့် သူ့ကိုခေါ်ပါသနည်းဟု မေးမြန်းလေ၏။ စစ်သားသည် ပထမသော် အကြောင်းကိုမသိသဖြင့် သူမခေါ်ရပါဟု ပြန်ပြောလေ၏။ ထိုအခါ လူပုကလေးက သူသည် မီးခြစ်၏အစောင့်ဖြစ်ကြောင်း၊ မီးခြစ်၍ ညှိတိုင်းလာရကြောင်း၊ သခင်ဖြစ်သော မီးခြစ်ပိုင်ရှင်အတွက် အလိုရှိရာဆောင်ရွက်ပေးရကြောင်း ရှင်းပြ

ထိုအခါမှ စစ်သားသည်လည်း သဘောပေါက်သွားကာ သူ့ကို ရေတွင်းထဲမှ ကယ်တင်ရန် စေခိုင်းလေ၏။ သူလွတ်မြောက်သော် စုန်းမကြီးကို သူ့နေရာ ရေတွင်းထဲသို့ရောက်အောင် ပြုလုပ်၏။ သူသည် စုန်းမကြီးကို ရေတွင်းထဲသို့ ချပြီးနောက် တဲထဲတွင် ရှိသော စုန်းမကြီး၏ ရွှေငွေပစ္စည်းများကို ယူလေ၏။

လူပုကလေးသည် မည်သည့်အခါမဆို သူ့အား အလိုရှိပါက အပြာရောင်မီးခြစ်ကိုခြစ်၍ ဆေးတံမီးညှိလိုက်ရန် မှာကြားလေ၏။ စစ်သားလည်း သူ ပထမဆုံးရောက်ရှိသော မြို့၏ အကောင်းဆုံးသော တည်းခိုအိမ်တစ်ခုတွင် တည်းခိုနေလေသည်။ သူသည် အဖိုးတန်အဝတ်အစားများကို မှာယူဝတ်ဆင်လေသည်။ ထို့ပြင် သူနေထိုင်ရန် အကောင်းဆုံး အခန်းကို ခမ်းနားစွာ ပြင်ဆင်လေ၏။

အားလုံး အဆင်သင့်ဖြစ်သော် သူသည် လူပုကလေးအား ခေါ်ယူပြန်၏။ လူပုကလေးရောက်လာသောအခါ ဤသို့ ပြောဆိုလေ၏။

“ဘုရင်ကြီးသည် ကျွန်ုပ်အား အခကြေးငွေ တစ်ပြားတစ်ချပ်မှ မပေးဘဲ မောင်းထုတ်လိုက်သည်။ သူ့ကြောင့် ကျွန်ုပ်မှာ အငတ်ငတ်အပြတ်ပြတ်နှင့် အတိဒုက္ခရောက်ခဲ့ရသည်။ ယခုမူ ကျွန်ုပ်၏အလှည့်သို့ ရောက်ချေပြီ။ ကျွန်ုပ်သည် သူ့ကို လက်စားချေလိုသည်။ သင်သည် သူ၏သမီးတော်အား ကျွန်ုပ်ထံ ညအချိန်တွင် ခေါ်ဆောင်လာခဲ့ပါလေ။ မင်းသမီးသည် ကျွန်ုပ်စေခိုင်းသမျှ မငြင်းမပယ် ပြုလုပ်စေရန်လည်း သင်က ဖန်တီးပေးပါ”

ထိုအခါ လူပုကလေးက ထိုအလုပ်မှာ ဘေးအန္တရာယ်များလှသည်ဟုဆို၏။ သို့ရာတွင် သူသည် စစ်သားခိုင်းစေသည့်အတိုင်းကား ပြုလုပ်ပေးလေသည်။ (ဆက်လက်ဖော်ပြပါမည်)

ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

(၁၀-၉-၂၀၂၄ ရက်နေ့မှအဆက်)



(ဆက်လက်ဖော်ပြပါမည်)

# ကျောက်ဆည်ခရိုင်၌ မိုးနေကြာ ရိတ်သိမ်းပြီးစီးမှုနှင့် ဈေးနှုန်းဈေးကွက်

**ကျောက်ဆည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ ၂၀၂၄ ခုနှစ်တွင် မိုးနေကြာစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၃၀၈၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၈၆၁ ဧက၊ မြစ်သားမြို့နယ်တွင် ၉၉၂ ဧက စုစုပေါင်း ၆၉၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း



ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးနေကြာသီးနှံကို သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ဇွန်လတွင် စတင်စိုက်ပျိုး၍ စက်တင်ဘာလတွင် မိုးနေကြာများ ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ နေကြာသီးနှံကို မိုးနေကြာနှင့် ဆောင်းနေကြာဟူ၍စိုက်ပျိုးပြီး မျိုးအနေဖြင့် ဆင်းရွှေကြာ-၁ မျိုးနှင့် ဆင်းရွှေကြာ-၂ မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၅-၂၇ တင်း ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နေကြာတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် နေကြာသီးနှံများကို မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၂၅၀၀၀၀ ခန့် ရရှိကြောင်း၊ နေကြာသီးနှံ စိုက်ပျိုးခြင်းသည် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာပြီး မိသားစုစားသုံးဆီ ဖူလုံသည့်အပြင် အကျိုးအမြတ်များ ရရှိသောကြောင့် နေကြာသီးနှံများကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။



# မြင်းခြံမြို့နယ်ရှိ ကွမ်းဈေးနှုန်းဈေးကွက်

**မြင်းခြံ စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျီးပင်ကန်ကျေးရွာတွင် ကွမ်းကို တစ်နိုင်တစ်ပိုင်အနေဖြင့်သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြပြီး မိုးစိုက်နှင့်ဆောင်းစိုက်ဟူ၍ စိုက်ပျိုးကြရာ မိုးစိုက်မှာ ပိုးကျလွယ်ပြီး ပျက်စီးဆုံးရှုံးမှုများသဖြင့် ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ပျိုးရန် ကွမ်းမျိုးအတွက် ကွမ်းညွှန့်တစ်ညွှန့်လျှင် လက်ကားဈေးငွေကျပ် ၄၀၀ ခန့်ဖြင့် ဝယ်ယူကာ သုည ဒသမ ၂၅ ဧကအကျယ်ရှိ ကွမ်းခြံ၌ ကွမ်းအညွှန့် ၅၀၀-၅၅၀ ခန့် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ကွမ်းနုဝါမျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကွမ်းကို စိုက်ပျိုးပြီး ၅-၆ လခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး နေရာဒေသ၊ မြေအနေအထားနှင့် ကွမ်းမျိုးကောင်းမျိုးသန့်အပေါ်မူတည်၍ သုံးနှစ်မှ ငါးနှစ်အထိ ခူးဆွတ်ရရှိနိုင်ကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် သုည ဒသမ ၂၅ ဧကလျှင် ငွေကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ကွမ်းရွက်ကို ၁၀ ရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် ၁၀-၁၅ ပိဿာခန့် ထွက်ရှိ၍ တစ်လလျှင် ပိဿာချိန် ၃၅-၄၀ ခန့် ထွက်ရှိရာ ကွမ်းပင်များ ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် စက်တင်ဘာလနောက်ဆုံးပတ်တွင် လက်ကားဈေး ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၇၀၀၀ နှုန်းဖြင့် မြင်းခြံမြို့ပေါ်ရှိ ကွမ်းအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ အအေးဓာတ်ဝင်လျှင် ကွမ်းအထွက်နှုန်းနည်းသွားသည့်အတွက် ဆောင်းတွင်းကာလများတွင် ဈေးနှုန်းတက်နိုင်မည်ဖြစ်ကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

# မကွေးမြို့နယ် ဝါးတောချောင်ကျေးရွာ၌ ဘူးပင်စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**မကွေး စက်တင်ဘာ ၃၀**

မကွေးတိုင်း ဒေသကြီး မကွေးမြို့နယ် ဝါးတောချောင်ကျေးရွာတွင် နှမ်းနှင့် ပဲမျိုးစုံသီးနှံများကို အဓိက စိုက်ပျိုးကြပြီး ဟင်းသီးဟင်းရွက် သီးနှံများလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိရာ ဘူးပင် သုံးဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

## စတင်စိုက်ပျိုး

ဘူးပင်ကို ဇွန်လလယ်တွင် စတင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဘူးလည်လှမျိုးနှင့် ဘူးရှည်မျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၁၀၀ ဂရမ်ပါ အထုပ် ၁၈ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မြေအောက် ရေတင်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ပေခွဲအကွာ ကျင်းတူး၍ အစေ့ချ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၃ သိန်း ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ဘူးသီးအလုံးရေ ၅၀၀၀-၆၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဘူးသီးအလုံး အရွယ်အစားအပေါ် မူတည်၍



စက်တင်ဘာလ တတိယပတ်တွင် ဘူးသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၅၀၀-၁၀၀၀ နှုန်းဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းခန့် အမြတ် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းသည်များက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး မကွေးမြို့ပေါ်သို့ ပြန်လည်ရောင်းချကြကြောင်း၊ ဘူးသီးပင် စိုက်ပျိုးခြင်းသည် ဘူးသီးများသာမက ဘူးညွှန့် (ဘူးရွက်) များပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိပြီး ယခုနှစ်တွင် ဘူးသီးဈေးနှုန်း ကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၃၀-၉-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ် ဆန်း | ပဲဆီ | စား အုန်း ဆီ | ရှေတ် ခြောက် | ကြက် သွန်နီ | ကြက်သွန် ဖြူ(ရှမ်းစ) | ကြက်သွန် ဖြူ (ကြူကုတ်) | နနွင်း တက် | ချင်း | ဆား | မြေပဲ | ကုလား ပဲဝါ | မန်ကျည်း သီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ် ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | - | ၂၀၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၃၀၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၄၅၀ | ၃၄၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၇၆၅၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၄၅၀၀ | | ၈၈၀၀ | ၂၂၀၀၀ | ၈၁၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | | | ၆၀၀၀ | ၁၃၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၆၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၂၀၀ | ၆၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၉၈၀၀ | ၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၁၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၄၀၀၀ | ၇၁၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၅၀၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၇၇၅၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၄၀၀ | ၂၁၀၀၀ | ၇၇၆၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၄၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၃၅၀၀ | | ၆၀၀၀ | ၁၇၅၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၇၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၂၆၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၄၅၀ | ၉၅၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၆၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၇၄၅၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၁၀၀၀ | ၇၅၉၀ | ၁၁၅၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၄၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၁၀၀၀ | ၇၅၉၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၈၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၁၈၀၀၀ |

❍ MNL မှ

၆၂ မိနစ်တွင် အောင်ကောင်းမြတ်၊ မိနစ် ၉၀ တွင် လမင်းပြည့်စုံတို့က သွင်းယူပြီး ဒဂုံစတားအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၃၆ မိနစ်တွင် ညီညီတိုးက သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ၃၉ မိနစ်တွင် သစ္စာအားမာန်အသင်းမှ လမင်းထိုက် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် အား/ကာသိပ္ပံအသင်း ဦးဆောင်ဂိုးရခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် ချေပဂိုးကို မိနစ် ၉၀ တွင် စောမင်းခန့်နိုင်က သွင်းယူခဲ့သည်။ ပွဲစဉ်(၁၆)တွင် Junior Lions အသင်း(ခ) မြန်မာယူ-၁၆ အသင်း နိုင်ငံတကာခြေစမ်းပွဲကြောင့် ကြိုတင် ကစားထားသဖြင့် ကျန်ရှိသည့် ငါးပွဲသာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၁၆)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၃၅ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Junior Lions အသင်းက ၁၅ ပွဲကစား ၃၀ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၄ ပွဲကစား ၃၀ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၂၅ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၄ ပွဲကစား ၂၄ မှတ်၊ သစ္စာအားမာန်အသင်းက ၁၅ ပွဲကစား ၂၁ မှတ်၊ ရှော်ဝတီယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၂၀ မှတ်၊ ရတနာပုံအသင်းက ၁၅ ပွဲကစား ၁၈ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၁၇ မှတ်၊ Dagon Port အသင်းက ၁၄ ပွဲ ကစား ၁၄ မှတ်၊ မြဝတီအသင်းက ၁၅ ပွဲကစား ၁၃ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၅ ပွဲကစား ခုနစ်မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၅ ပွဲ ကစား ခုနစ်မှတ် ရရှိထားသည်။ **သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MNL**

☆ **ကျောဖုံးမှ**

တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းအတွက် ၂၀၂၂ ခုနှစ်အတွင်း နေးရှင်းလိဂ်ဖလားကိုလည်း ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဂရစ်ဇ်မန်းဟာ ၂၀၁၄ ခုနှစ်အတွင်းက ပြင်သစ်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခဲ့ပြီး ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်လက်ထက်မှာ အသင်းအတွက် အဓိကအားထားရတဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် ထိပ်တန်းကစားသမားအဖြစ် ရပ်တည်ခဲ့ပြီး အဲဒီပြိုင်ပွဲမှာ ပြင်သစ်အသင်းဟာ နောက်ဆုံး ဖိုလ်လုပွဲအဆင့်အထိ တက်လှမ်းနိုင်ခဲ့ပေမယ့် ပေါ်တူဂီအသင်းကို ရှုံးနိမ့်ခဲ့လို့ ယူရိုချန်ပီယံ ဖြစ်လာမယ့် အခွင့်အရေးနဲ့ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။ **ငွေကြယ်**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်- FMI City အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(FMI-၈)၊ မြေကွက်အမှတ်(၂၂၆)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ ဒေါ်ခင်ခင်ယု(၇/လပတ(နိုင်)၀၇၈၈၆၅) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ FMI City အိမ်ရာ၊ သဇင်(၁)လမ်း၊ တိုက်အမှတ်(A-33)ဟုခေါ်တွင်သော(၂)ထပ်တိုက်နေအိမ်အဆောက်အဦတစ်ခုအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

ဒေါ်မာလာဆွေ

တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)

LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).

အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊အောက်ကြည့်မြင်တိုင်လမ်း၊အမှတ်(၅၃၁)၊ ရဲတံခွန်တာဝါ(၁၇)ထပ်အဆောက်အဦ၏ သတ္တမထပ်ရှိတိုက်ခန်းအမှတ်(၇၀၃)ဟုခေါ်တွင်သော ရေ/မီးအပြည့်အစုံပါဝင်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို မူလပိုင်ရှင်ရဲတံခွန်ကုမ္ပဏီလီမိတက်ထံမှတစ်ဆင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိ အမည်ပေါက်ထားသူဦးမောင်အေး(၁၃/မဆတ(နိုင်)၀၃၁၄၀၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

ဒေါ်မာလာဆွေ

တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)

LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).

အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

## ရေကြီးနစ်မြုပ်ပြီးနောက် သီးနှံများတွင် ကြုံတွေ့နိုင်သော ဖြုတ်ပိုးနှင့် ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းခြင်းနှင့် ပိုးသတ်ဆေးပက်ဖျန်းနိုင်ရေး သရုပ်ပြ

ညောင်တုန်း စက်တင်ဘာ ၃၀

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ရေကြီးနစ်မြုပ်ဖြစ်ပေါ်ပြီးနောက် သီးနှံများတွင် ကြုံတွေ့နိုင်သော ဖြုတ်ပိုးနှင့် ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းခြင်း နည်းပညာပေးဆွေးနွေးပွဲနှင့် ပိုးသတ်ဆေးစနစ်တကျ ပက်ဖျန်းနိုင်ရေး သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဆားမလောက်ကျေးရွာ တောင်သူဦးကျင်လှိုင်၏ စပါးစိုက်ခင်းတွင် ဆောင်ရွက်သည်။



### ပညာပေးဆွေးနွေး

ထိုသို့ဆောင်ရွက်ရာတွင် သီးနှံကာကွယ်ရေးဌာနခွဲ မြေအသုံးချရေးဌာနခွဲမှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်ပညာရှင် ဝန်ထမ်းများက ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သီးနှံစိုက်တောင်သူများအား ရေကြီးနစ်မြုပ်ဒဏ်ခံခဲ့ရသော သီးနှံစိုက်ခင်းများအား အထွက်နှုန်းထိခိုက်မှုလျော့နည်းသက်သာစေရန်အတွက် ပြန်လည်ကုစားရန်လိုအပ်သည့် နည်းစနစ်များနှင့် ပြန်လည်စိုက်ပျိုးမည့် သီးနှံများအတွက် ပျက်စီးသွားသော မြေဆီလွှာများအား ပြန်လည်ပြုပြင်ရေးနည်းလမ်းများ၊ ကြုံတွေ့နိုင်သော ဖျက်ပိုးများကြောင့် သီးနှံစိုက်တောင်သူများ သီးနှံပျက်စီးဆုံးရှုံးမှုမရှိစေရေး နည်းပညာပေးဆွေးနွေးခဲ့သည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် တောင်သူများ ကိုယ်တိုင်ပါဝင်သော လက်တွေ့ ပိုးသတ်ဆေး စနစ်တကျပက်ဖျန်းမှု သရုပ်ပြပွဲကို တောင်သူ ၇၃ ဦးဖြင့် ဆောင်ရွက်ခဲ့ပြီး နည်းပညာလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီများဖြစ်သည့် မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်က လှူဒါန်းသော ပိုးသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဟာဂျီအွတ်စ်မာန် (ခ) မျိုးမင်းစိုး**

**[၁၂/တမန(နိုင်)၁၂၂၆၆၄] သိစေရန်**

**"ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄) ရပ်ကွက်၊ (၂၈) လမ်း (အလယ်)၊ အမှတ်- ၉၆/ဒုဝဲ"** ၌ ရုံးခန်းဖွင့်လှစ်ထားသည့် မြန်မာမွတ်စလင်သာသနာ့ပညာရှင်များအဖွဲ့ချုပ် (ဗဟို)သို့ မူဆယ် (၄၅)ကုန်း၊ (၉) လမ်း၊ ဟိုမွန်ရပ်ကွက်၊ နယ်မြေ (၁၇) နေ (အဖ) ဦးနေလင်းအောင်၏ သမီးဖြစ်သူ **အိုမာမဟ်ဘီ (ခ) မအိန္ဒြာမင်းထိုက် [၁၂/မရက (နိုင်)၁၈၂၉၂၃]** က ၎င်း၏ အိမ်ထောင်ရေးပြဿနာ ဖြေရှင်းပေးရန် (၁-၇-၂၀၂၄)နေ့တွင် လျှောက်ထားခဲ့ရာအဖွဲ့ချုပ်မှ (အဖ) M.အလီဘိုင် (ခ) ဦးစိုးအေး၏ သားဖြစ်သူ **ဟာဂျီအွတ်စ်မာန် (ခ) မျိုးမင်းစိုး** ထံသို့ (၃) ကြိမ်တိုင်ဆင့်ခေါ်စာ ပေးပို့ခဲ့သော်လည်း လာရောက်ဖြေရှင်းခြင်း မရှိသဖြင့် အထက်ဖော်ပြပါ လိပ်စာရှိ အဖွဲ့ချုပ်ရုံးသို့ (၄-၁၀-၂၀၂၄) ရက်နေ့ **မွန်းလွဲ ၂:၀၀ နာရီအချိန်**တွင် ကိုယ်တိုင်လာရောက်ဖြေရှင်းပေးပါရန်နှင့် လူကြီးမင်းလာရောက်ရန် ပျက်ကွက်ခဲ့ပါက **အိုမာမဟ်ဘီ (ခ) မအိန္ဒြာမင်းထိုက်၏** ထွက်ဆိုတင်ပြချက်များကို လက်ခံကာ အစ္စလာမ်တရားဥပဒေနှင့်အညီ ဓမ္မသတ်အဆုံးအဖြတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

**မြန်မာမွတ်စလင်မ် သာသနာ့ပညာရှင်များအဖွဲ့ချုပ် (ဗဟို)၏**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်မင်းဦး - LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၂၇၆/၂၀၂၁)**

**အမှတ်-၉၆/ဒုဝဲ၊ (၂၈) လမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၈၆၆၃၅၆၉၇**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

နေပြည်တော် စက်တင်ဘာ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာ)ပထမဆုရရှိသည့် စာရေးသူယဉ်ယဉ်မွန်(ရှေးဟောင်းသုတေသန)၏ "မြို့တည် နန်းတည် ကေတုမတီ(တောင်ငူ)" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

မြန်မာ့သမိုင်းတွင် ထင်ရှားပြီး စိတ်ဝင်စားဖွယ်ကောင်းသော ကျယ်ဝန်းနက်ရှိုင်းသည့် ကေတုမတီ(တောင်ငူ) အကြောင်းကို ထောင့်စုံအောင် တင်ပြထားသည်။ ဒေသ၏ ပထဝီဝင်အနေအထား အကျယ်အဝန်းမှစ၍ တောင်ငူခေတ်အဆက်ဆက် စိုးစံသောဘုရင်များ၊ မော်ကွန်းတင်ဖြစ်ရပ်များ၊ စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စာပေယဉ်ကျေးမှုနှင့် ဘာသာရေးမှ အစပြု၍ ကဏ္ဍစုံအောင် ဖော်ပြထားသည်။ အထူးသဖြင့် တောင်ငူစာပေခေတ်တွင် ထင်ရှားသော နဝဒေး၊ နတ်ရှင်နောင်၊ ရဝေရှင်ထွေး၊ ရှင်သံခိုတို့၏ လက်ရာများပါမကျန် ကောက်နုတ်ချက်များဖြင့် စုစည်းပေးထားသည်။ မျက်မှောက်ခေတ်တွင် တွေ့ရသော မြင်ကွင်းများကို ကျမ်းကိုးစာရင်း(၅၀)ဖြင့် စုစည်းတင်ပြထားသည်။ ကေတုမတီ(တောင်ငူ)အကြောင်းကို ခိုင်မာသောအတို့အထောက် ဝေဝေဆာဆာဖြင့် အခန်း ကိုးခန်းခွဲကာ ထုံးမီးစံမျှတင်ပြထားသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၄၀၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈)၊ အမှတ်(တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၁၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၀၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်ကြီးမြို့နယ်၌ သောက်သုံးရေ ဖူလုံစွာရရှိရေး တွင်းဆေး၊ တွင်းမှုတ် လုပ်ငန်းဆောင်ရွက်

တောင်ကြီး စက်တင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေနွေးကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်ရေ/သုံးရေများဖူလုံမှုရရှိစေရန်ရည်ရွယ်၍ ကျေးရွာအတွင်းရှိ ရေတွင်းများအား တွင်းဆေး၊ တွင်းမှုတ်ဆောင်ရွက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာ၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တိုင်ဖွန်းမုန်တိုင်းရာဂီဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ရေနွေးကျေးရွာရှိ ရေတွင်းတွင်းတိမ်/တွင်းနက် ငါးတွင်းကို သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းဆေးတွင်းမှုတ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရေတွင်း/ရေကန်များအတွင်း ကလိုရင်းဆေးမှုန့်ခတ်ခြင်း၊ ရေသန့်ဆေးများ ဖြန့်ဝေခြင်းများကို ကျေးရွာသူကျေးရွာသားများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တင်ပြချက်များအပေါ်



ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် တွင်းတိမ်၊တွင်းနက် စက်ရေတွင်းများအတွင်း ရွှံ့နွံများဆယ်ယူခြင်း၊ အပေါ်ယံရေလွှာများ ဖယ်ထုတ်ခြင်းနှင့် တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်းများကို ခရိုင်/မြို့နယ်များမှ ဦးစီးဌာနဝန်ထမ်းများက ကျေးရွာသူကျေးရွာသားများဖြင့် ပူးပေါင်း၍ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ရေနွေးကျေးရွာ၌ သန့်ရှင်းသည့် သောက်ရေ/သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

PROUD MEMBER
COFFEE ASSOCIATION OF CANADA

# OCTOBER 1

## WORLD COFFEE DAY

## MYANMAR ZAYN COFFEE

## CONGRATULATES

**Mani Sanda Maritime Services Co.Ltd**

**Ronnie Selod,12/MaGaTa(N)085077**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့နေ ဦးစိန်လင်း [၁၂/လမတ(ဧည့်)၀၀၁၀၅၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေသည် ဦးစိန်လင်းအမည်ဖြင့် အနုပညာနှင့် စီးပွားရေးနယ်ပယ်တွင် ကောင်းသတင်းကျော်ဇောအောင်မြင်နေသူ တစ်ဦးဖြစ်ပြီး ၂၉-၈-၂၀၂၄ ရက်နေ့ ညနေပိုင်းတွင် ၎င်း၏လုပ်ငန်းသုံး SIM Card (၂)ကတ် ထည့်သွင်း အသုံးပြုနေသော OPPO RENO 7 Pro 5G အမျိုးအစား မိုဘိုင်း ဖုန်းဟန်းဆက် ပျောက်ဆုံးခဲ့သဖြင့် ထိုသို့ ပျောက်ဆုံးကြောင်းနှင့် တွေ့ရှိသူအား ငွေကျပ် (၁၀)သိန်း ကျေးဇူးတုံ့ပြန်မည်ဖြစ်ကြောင်း ၎င်း၏ facebook အကောင့်နှင့် Page တို့တွင် ချက်ချင်း Post တင်ဖော်ပြခဲ့ခြင်း၊ ရုပ်သံမီဒီယာများမှ အင်တာဗျူး ဖြေဆိုခြင်းတို့ဖြင့် အများပြည်သူသိရှိစေရန် လုပ်ဆောင်ခဲ့ပါသည်။ ဖုန်းပျောက်ဆုံးသည့် ၂၉-၈-၂၀၂၄ ရက်နေ့ ညတွင်ပင် ဦးစိန်လင်း၏ SIM Card နံပါတ် 09456456935 ဖြင့် ဖွင့်လှစ်ထားသော လုပ်ငန်းသုံး Telegram နှင့် Viber အကောင့်များအား အခြားသူက ဝင်ရောက်ခဲ့ပြီး Telegram အကောင့်အား ဖုန်းနံပါတ်ပြောင်းလဲခဲ့သည့်အပြင် Premium အဆင့်မြှင့်တင်သုံးစွဲနေသဖြင့် ကျွန်ုပ်၏မိတ်ဆွေသည် ၎င်း Telegram အကောင့်အား ပြန်လည်ရယူသုံးစွဲနိုင်ခြင်း မရှိတော့သည့်အပြင် ပျောက်ဆုံးသွားသော လုပ်ငန်းသုံးမိုဘိုင်း ဖုန်းဟန်းဆက်အား ယနေ့တိုင် ပြန်လည်မရရှိတော့သဖြင့် အဆိုပါဖုန်းဟန်းဆက်အတွင်းရှိ လုပ်ငန်းနှင့် ပတ်သက်သော Contact များနှင့်သတင်းအချက်အလက်များအားလုံး ဆုံးရှုံးခဲ့ရပါသည်။ ထို့ကြောင့်၎င်း Telegram အကောင့်သို့ သတင်းအချက်အလက် တစ်စုံတစ်ရာ ဆက်သွယ် ပေးပို့ခြင်း မပြုကြပါရန်နှင့် ၎င်း Telegram အကောင့်နှင့် ဆက်သွယ်ဖြစ်ပေါ်လာသော ကိစ္စအရပ်ရပ်အား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ပျောက်ဆုံးသွားသော မိုဘိုင်းဖုန်းဟန်းဆက်အား လက်ဝယ်ထားရှိခြင်း၊ မိုဘိုင်းဖုန်း ဟန်းဆက်အတွင်းရှိ Contact များ၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများ၊ အသံဖိုင်များစသည့် သတင်းအချက်အလက်များ အသုံးပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်လင်းအား ဂုဏ်သိက္ခာကျဆင်းစေရန် သို့မဟုတ် အကျိုးစီးပွား တစ်စုံတစ်ရာထိခိုက်နစ်နာစေရန် မည်သည့် နည်းလမ်းဖြင့်မဆို အားထုတ်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့အပြင် ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်လင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေထံမှ တရားဝင်ခွင့်ပြုချက်မရယူဘဲ ၎င်း၏ အမည်နှင့်ရုပ်ပုံများ အသုံးပြုဖော်ပြ၍ မီဒီယာနှင့် လူမှုကွန်ရက်များတွင် အင်တာဗျူး မေးမြန်း ဖြေဆိုဖြန့်ချီခြင်း၊ အချို့ မီဒီယာများသည် စာသား (Caption) များ၊ နောက်ခံအသံများထည့်သွင်း၍ လိုရာတည်းဖြတ်ဖြန့်ချီခြင်း၊ ထိုသို့ ဖြန့်ချီမှုများအား အချို့သောသူများက ထပ်ဆင့်ဖြန့်ချီခြင်း၊ ဂုဏ်သိက္ခာထိခိုက်နစ်နာစေသည့် Comment များ ရေးသားခြင်း၊ အများ အထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် အခြေအမြစ်မရှိသော ကောလာဟလသတင်းများ လုပ်ကြံဖန်တီးခြင်း၊ ဖြန့်ချီခြင်းများစသည်တို့မပြုလုပ်ရန် တားမြစ်သည်။

ဖောက်ဖျက်ကျူးလွန်ပါက ကျွန်ုပ်မိတ်ဆွေ၏ ထိခိုက်နစ်နာဆုံးရှုံးမှု အရပ်ရပ်အတွက် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်လင်း၏ လွှဲပြောင်းညွှန်ကြားချက်အရ**
**ဦးထွန်းလင်းနိုင် (LL. B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၉၂၉)**
**အမှတ် (၅၆၅)၊ ပထမထပ်၊ MAC Towerr ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၇၉၃၂၆၆၃၆၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကွင်းအမှတ်(၉၇၇) ဇုန်အမှတ်-အထူးဇုန် (၃)၊ C-၂၃လမ်း၊ မြေကွက်အမှတ်(၂၁၇)ဧရိယာ(၅)ဧက၊ စိုက်ပျိုးရေးမြေကွက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်ကော်မတီမှ စိုက်ပျိုးလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ချပေးထားသော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအီဆွတ် [၁၀/ကမရ(နိုင်)၁၄၅၁၁၁]ထံမှ ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသ ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော မူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၇၂ )**
**B.A (LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy.**
**WIPO, DL (101), (201), (317) Switzerland ( Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၇၁၂၀၆၊ ၀၉ -၉၇၄၇၃၅၆၈၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်(၁၁)ရပ်ကွက်၊ လမ်းသစ်အိမ်ရာ(Tower-A (၉)ထပ်၊ အခန်းအမှတ်(A ၉၀၅)အခန်းအကျယ်အဝန်း(၇၇၀စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်း [ယခင်တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၄) လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့]ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက ဒေါ်ကေသီကြိုင် [၁၂/လမတ(နိုင်)၀၁၇၂၀၀]၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ်(၁၈၈၇၃/၂၀၂၃) ရရှိသူ ဦးအောင်ကျော်ဇော [၁၂/ကခက(နိုင်)၀၅၇၀၉၄] ထံ မှ ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေ ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော မူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၇၂ )**
**B.A (LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy.**
**WIPO, DL (101), (201), (317) Switzerland ( Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၇၁၂၀၆၊ ၀၉ -၉၇၄၇၃၅၆၈၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ တိုက်အမှတ်(၇၇)၊ အခန်း(အေ/၇)၊ ၇-လွှာ၊ အကျယ်အဝန်းပေ(၁၈x၅၅)ပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ချမ်းမြေ့ကြယ်စင် [၁၂/မရက(နိုင်)၁၇၇၀၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စောရင် [၁၁/မအန (နိုင်)၀၀၇၇၃၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချကအရ-**
**ဒေါ်ခင်ခင်ဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၉၂)**
**ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတလမ်းဆုံ၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၅၃၁၈၈၉**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်နေ (ဘ)ဦးကျော်ဝင်း၏သမီး မမြတ်သန္တာဝင်း[၁၂/ပဇတ(နိုင်)၀၀၀၅၇၅]၏ နိုင်ငံကူးလက်မှတ် အမှတ်(630864)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၁၂၉၃၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅ဘီ)၊ မြေကွက်အမှတ်-၃၂အေ၄+၃၇အီး၄၊ ဧရိယာ(၀.၀၆၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၅၄)၊ အေးရိပ်သာ(၁)လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါက်တာ ဦးအောင်သူ(ခ)ဦးလှအေး [၁၂/ဗတထ(နိုင်)၀၁၈၅၀၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါက်တာ ဦးအောင်သူ (ခ) ဦးလှအေးထံမှ အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်- ၇၅၇/၂၀၀၄(၁၅-၃-၂၀၀၄)ဖြင့် ပိုင်ဆိုင်သူ သားသမီးများဖြစ်သော ဒေါက်တာ ဒေါ်ဇင်ဇင်သူ [၁၂/ဗတထ(နိုင်)၀၁၇၉၆၉]၊ ဦးမြတ်အောင်သူ [၁၂/ဗတထ (နိုင်)၀၁၈၄၇၃]၊ ဦးထွန်းအောင်သူ [၁၂/ဗတထ(နိုင်)၀၁၁၀၁၇]တို့မှ ဒေါက်တာ ဦးအောင်သူ (ခ) ဦးလှအေးအမည်ပေါက် ပိုင်ဆိုင်သော ဂရန်မူရင်းသည် သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားပါကြောင်း၊ အခြားသူသို့ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းပါကြောင်းနှင့် ဂရန်မူရင်းမှာ အမှန်တကယ်ပျောက်ဆုံးသွားပါကြောင်း၊ ကျောက်တံတားခရိုင် တရားရုံးမှတ်ပုံတင်အမှတ်-၉၂၉/၂၀၂၄ (၅-၈-၂၀၂၄)ရက်နေ့ ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ဆရာစံရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ဗဟန်းမြို့မရဲစခန်းထောက်ခံချက်များ၊ ကိုယ်တိုင်ဝန်ခံချက်၊ အပိုင်ပေးစာချုပ်အမှတ်-၇၅၇/၂၀၀၄ (၁၅-၃-၂၀၂၄)မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

ကြီးမြန်
သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ

## နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရှိုင်းလွင်ဦး [၁၂/လသယ(နိုင်)၀၆၀၇၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ဦးရှိုင်းလွင်ဦး [၁၂/လသယ(နိုင်)၀၆၀၇၁၈]နှင့် ဒေါ်မေသစ်လွင်[၁၂/အစန(နိုင်)၂၂၈၁၅၈] တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၀၁၂) ခုနှစ်မှစ၍ တရားဝင် ပေါင်းသင်းနေထိုင်လာခဲ့ရာ သားလေးတစ်ဦး ထွန်းကားခဲ့ပါသည်။

ဒေါ်မေသစ်လွင်မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရှိုင်းလွင်ဦးနှင့် လက်ထပ်ပေါင်းသင်းရန် ဆန္ဒမရှိတော့ဟုဆိုကာ (၁၂)လပိုင်း ၂၀၂၁ ခုနှစ်တွင် ကွာရှင်းပေးရန်တောင်းဆိုလာသဖြင့် တောင်းဆိုသည့်နေ့တွင်ပင် အသိသက်သေ နှစ်ဖက်လူကြီးများရှေ့တွင် အကြွင်းလင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သော ဆန္ဒနှင့်အညီ ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ကွာရှင်းပြီးသည့်နောက်ပိုင်းမှစပြီး ဦးရှိုင်းလွင်ဦးနှင့် ဒေါ်မေသစ်လွင်တို့သည် ထပ်မံပတ်သက်ခြင်းမရှိသလို မည်သည့်ကိစ္စရပ်တွင်မဆို တစ်ဦးနှင့်တစ်ဦးဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးရှိုင်းလွင်ဦး** | **ဒေါ်စုဇန်မြင့်လွင် (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၆၇)** |

**အမှတ် (၁၁၂၀/က ခ)/တ/၁၅ရပ်ကွက်၊ မဟာဗန္ဓုလလမ်း**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၉၆၅၈၂၈၀၂၆**

## မိသားစု အမွေခွဲဝေရယူပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ လူနေရပ်ကွက်အမှတ်-၈၊ ဥယျာဉ်ပန်းခြံ(၃)လမ်း၊ အမှတ်-၂၃၃(ခ)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဒေါ်မာမာဝင်း အမည်ပေါက်မြေချပါမစ် ထွက်ရှိထားသည့်မြေကွက်အား (၆-၁၂-၂၀၁၇)ရက်နေ့တွင် မိခင်ဒေါ်စိန်အောင်၊ ဦးအောင်ဆန်းဝင်း၊ ဦးအောင်တင်ဝင်းတို့(၃)ဦးမှ ငွေကြေးစိုက်ထုတ်ဝယ်ယူခဲ့ပြီး မိခင် ဒေါ်စိန်အောင်မှာ (၆-၁-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့သည့်အတွက် အထက်ပါမြေကွက်အား ဝယ်ယူစဉ်က မိခင်ဖြစ်သူမှ(၃)ပုံ(၁)ပုံငွေကြေးစိုက်ထုတ်ခဲ့ခြင်းအပေါ် အမွေဆက်ခံသူ သားသမီးများဖြစ်သော ဦးအောင်ဆန်းဝင်း၊ ဦးအောင်ကိုဝင်း၊ ဦးအောင်သန်းဝင်း၊ ဦးအောင်တင်ဝင်း၊ ဒေါ်ရွှေရည်အောင်တို့မှ အညီအမျှအမွေခွဲဝေရယူရန် သဘောတူညီ၍(၂၈-၉-၂၀၂၄)ရက်စွဲပါ "မိသားစု အမွေခွဲဝေရယူခြင်း သဘောတူကတိစာချုပ်"အားချုပ်ဆို၍ အစ်ကိုကြီးဖြစ်သူ ဦးအောင်ဆန်းဝင်းမှ ညီ၊ ညီမများ၏ ရပိုင်ခွင့် အမွေဝေစုနှင့်အိမ်မြေ ဝယ်ယူစဉ်ဦးအောင်တင်ဝင်း၏စိုက်ထုတ်ငွေတို့အား ခွဲဝေပေးအပ်ခဲ့ပြီး ဖြစ်ကြောင်းနှင့် အထက်ပါလိပ်စာရှိအိမ်မြေသည် ယနေ့မှစ၍ ဦးအောင်ဆန်းဝင်းနှင့်ဇနီး ဒေါ်လွေးခမ်းကူတို့မှသာ အကျိုးသက်ဆိုင်ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအောင်ဆန်းဝင်း** | **ဒေါ်အေးသန္တာစိုး( LL.B )** |
| **[၁၂/ရပသ(နိုင်)၀၇၀၈၂၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)** |

**အမှတ်-၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉၄၂၀၂၀၄၆၅၄**

## "ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ မြတ်လေးလမ်း၊ တိုက် အမှတ်(၇၀)၊ အခန်းအမှတ်(၀၀၁)နှင့်စပ်လျဉ်း၍ အရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေပေးချေထားမှုကိစ္စရပ်အား ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငွေငွေစိုး [၉/မထလ(နိုင်)၂၃၆၃၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငွေငွေစိုးသည် ဦးအောင်ရကျော်စွာနှင့် လွန်ခဲ့သော ၂၀၁၀ ခုနှစ်ခန့်က လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ဦးအောင်ရကျော်စွာ၏ မိခင်ဖြစ်သူမှာ ဒေါ်သိန်းရှင်ဖြစ်ပြီး ဦးအောင်ရကျော်စွာမှာ(၁၈-၅-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ အထက်တွင် ဖော်ပြပါရှိသော တိုက်ခန်းအား ဒေါ်သိန်းရှင်မှ ရောင်းချခြင်းပြုလုပ်မှုကို ကန့်ကွက်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်များအရ** |
| **ဒေါ်ငွေငွေစိုး** | **ဦးအောင်ကျော်မြင့်(LL.B)** |
| **[၉/မထလ(နိုင်)၂၃၆၃၅၃]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၅၁၈၃/၁၃-၁၂-၁၈)** |

**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ်(၆၉၁/က)၊ ဧရိယာ(၂၀x၆၀)ပေ၊ မြေကွက်တည်နေရာအမှတ် (၃၃)၊ (၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးသန်းထွန်း[၁၂/သကတ(နိုင်)၀၄၀၅၇၁]) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးသန်းထွန်းတို့အား တရားပြိုင်ထားကာ ဦးသူရိန်ထွန်းမှ တရားလိုပြုလုပ်၍ သာကေတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၄/၂၀၂၄ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၁-၇-၂၀၂၄)ရက်စွဲပါစီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၃၉/၂၀၂၄ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၆-၇-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ်တရားရုံး၏ (၃၀-၇-၂၀၂၄)ရက်စွဲပါစာအမှတ် ၆၃၈/ဇာရီ-၃၉/၂၀၂၄ဖြင့် တရားနိုင်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာတွင် တရားရှုံးကိုယ်စား တရားရုံး အရာရှိအဖြစ် ဘီလစ်ဒေါ်မိုးပပမျိုးက လက်မှတ်ရေးထိုးမည်ဖြစ်ပါ၍ လိုအပ်သော မြေပုံ၊ မြေရာဇဝင်များ ကူးယူခွင့်ပြုပါရန် ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရှုံး ဘီလစ် ဒေါ်မိုးပပမျိုး [၁၂/ဥကတ(နိုင်)၁၄၈၈၅၇]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

## မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၂၀၉)၊ ပင်လုံလမ်း၊ (၃၅)ရပ်ကွက်တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးခင်ဦး (ဘ) ဦးလှဦး၏ မွေးသက္ကရာဇ်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ပါရှိသော (၁၂-၁၂-၁၉၆၁)သည် အမှန်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုနန္ဒာအောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၁၀)**
**ဖုန်း-၀၉-၄၂၅၈၂၅၁၂၉**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော မောင်သူဇော်(ဘ)ဦးခင်စိုး[၇/လပတ(နိုင်)၁၆၁၆၁၈]နှင့် မဝင်းဝင်းပိုင် (ဘ) ဦးမျိုးကြည် [၇/ပခန(နိုင်)၃၅၂၁၈၁] တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက် ပေါင်းသင်းရန် ဆန္ဒလုံးဝမရှိကြတော့သဖြင့် (၂၉-၉-၂၀၂၄) ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပြီး နှစ်ဖက်သော အသိသက်သေတို့၏ ရှေ့မှောက်တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်" ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ကွာရှင်းပြီးသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးသည် ပစ္စည်းခန်းပိုင်ဆိုင်မှုဖြစ်စေ၊ လူမှုရေးကိစ္စရပ်များဖြစ်စေ မည်သို့မျှသက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မဝင်းဝင်းပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄**

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ အမှတ်(၄၂၈-ဒီ)၊ တတိယထပ်၊ (၅-လွှာ နှင့် ၆-လွှာ) မျက်နှာချင်းဆိုင်မှကြည့်လျှင် လက်ယာဘက်တိုက်ခန်း (၂) ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းမှာ ဒေါ်ခင်သန္တာစိုး [၁၂/ဗဟန (နိုင်) ၀၇၇၇၅၂] မှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကာ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့် တန်ဖိုးငွေ၏ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဖြူလွင် LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၁၀၃၆၃ )**
**အမှတ် (၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၄၄၀၆၇၄၂၃၊ ၀၉-၉၇၇၁၂၁၂၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၄ကံဘဲ့၊ မြေကွက်အမှတ် ၇/၃၄၊ အကျယ် (၀.၀၅၉) ဧက၊ ဦးအောင်လွင်ထွန်း အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက် (အရပ်အခေါ် အမှတ်-၃၉၀၊ ဝါယာလက် (၃) လမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်နှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးအောင်လွင်ထွန်း [၁၂/ကတတ(နိုင်)၀၀၂၁၁၁] (၎င်းကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် - ၂၂၂၉၉/၂၀၂၃ ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်ယဉ်နွယ်ဝင်း [၁၂/မဂတ (နိုင်) ၀၇၉၉၀၆] က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စမ်းစမ်းဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၅/၂၀၀၄)**
**တိုက် (၅၀)၊ အခန်း (A-20)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၈၄၁၅၊ ၀၉-၄၂၀၃၁၉၈၂၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၇၅၆)၊ ဧရိယာ(၂၀x၆၀)ပေရှိ ဦးအေးသောင်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တွဲဖက်ခရိုင်တရားသူကြီး(၃)ရုံး၊ တရားမကြီးမှုအမှတ်-၅၉၉/၂၀၂၂၌ တရားလို ဒေါ်တင်လှ(ခ) ဒေါ်တင်တင်လှ(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခင်အေးမူ) တရားလို ပြုလုပ်၍ တရားပြိုင်(၄)ဦးတို့ အပေါ် အမွေပုံပစ္စည်းကို စီမံခန့်ခွဲပေးစေလိုကြောင်း စွဲဆိုခဲ့ရာရုံးတော်မှ (၂၉-၃-၂၀၂၄) ရက်နေ့တွင် တရားလိုနှင့် တရားပြိုင်များအားလုံး အမွေဆိုင်ပစ္စည်း၏ ၅ပုံ၁ပုံစီ ခွဲဝေယူရန် ပဏာမ ဒီကရီ ချမှတ်ထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးမူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအုန်းရွှေ(LL.B,D.B.L)** | **ဒေါ်ခင်မာထွန်း(LL.B,D.B.L)** |
| **စဉ်-၈၂၀၇/၁၂** | **စဉ်-၁၂၇၀၁/၁၇** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၇၈၅)၊ 4-floor,A-4၊ ရာဇာဓိရာဇ်(၂၁/က)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-250223181**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ (၈/၁)မြို့မရပ်ကွက်၊ ခိုင်ရွှေဝါလမ်းရှိ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ချထားပေးသော လှည်းကူးမြို့၊ မြေကွက်ကြီး အမှတ်(၈)၊ အိမ်ရာကွက်ငယ်အမှတ်(၂၃၇)၊ အိမ်ရာကွက်ချထားခံရသူ ဦးတင်မြင့် အမည်ပေါက် မြေအကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်နှင့် နေအိမ်အဆောက်အဦကို လက်ဝယ်ထား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ဝင်း [၈/တလဝ(နိုင်)၀၂၅၅၉၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သွန်းမီမီ[၇/နတလ(နိုင်) ၀၉၁၆၁၈]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ ခြံမြေနှင့် နေအိမ် အဆောက်အဦ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ဖြူဖြူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၈၆)**
**အမှတ်(၇/၁၅၂)၊ နေကျော်လမ်းမ၊ နေကျော်ရပ်ကွက်၊ ကျွန်းကလေး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၄၃၀၇၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ စံပြလမ်း၊ အမှတ်-၅၄၉ ဟုခေါ်တွင်သော အလျားပေ ၅၀ x အနံ ၂၆ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ် နေအိမ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို တရားဝင် လက်ရှိ လက်ရောက် ပိုင်ဆိုင်သူဖြစ်သော ဦးထွန်းလင်း [၁၂/အစန(နိုင်)၁၄၆၆၉၂]က ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းညွန့်[၁၄/ညတန(နိုင်)၀၂၀၅၅၄]က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ဒေါ်ထက်ထက်ခိုင် (တရားလွှတ်တော်ရှေ့နေ)ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်ထက်ထက်ခိုင် LL.B.,D.IP.L.,Advocate**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၁၇) (၂၇-၁-၂၀၂၁)**
**အမှတ်-၁၁/၁၁၀၊ ပထမထပ်၊ ပြည်လမ်း၊ ၈မိုင်၊ ၄ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-095161186, 09250060731**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်(စံပြကျေးရွာ)(တောင်ပိုင်း)၊ အောင်မြေသာယာလမ်း၊ အမှတ်-မရှိ၊ အကျယ်(အလျား ၅၀ပေ x အနံ ၂၀ပေ) မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သော (၁)ဦးဝင်းမင်းလတ် [၉/မထလ(နိုင်)၀၀၆၂၃၀]၊ (၂)ဒေါ်နှင်းနှင်းအေး [၉/မထလ(နိုင်)၀၀၆၂၂၈]၊ (၃)ဒေါ်ရွှယ်ရွှယ်လင်း [၉/မထလ(နိုင်)၁၈၀၀၈၁]၊ (၄)ဒေါ်လယ်လယ်လင်း[၉/မထလ(နိုင်)၁၈၀၀၈၀]တို့မှ မိမိတို့သာ တရားဝင် လက်ဝယ်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ၎င်းတို့၏ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးနေဇော်အောင်[၈/ပဖန(နိုင်)၁၅၀၀၃၃]နှင့် ဒေါ်မြတ်ကေခိုင်[၈/မမန(နိုင်)၂၁၂၂၃၅]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာဝင့်ဝင့်ပိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၈၉)**
**အမှတ်(၈)၊ နဝရတ်လမ်းသွယ်(၃)လမ်း၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၁၅၆၄၈၆၃၊ ၀၉-၄၄၃၁၄၈၃၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဃ)၊ မြေကွက်အမှတ်(၃၀၄/က)၊ ၁၂၀၀စတုရန်းပေ၊ မြေကွက်တည်နေရာ၊ အမှတ်(၃၀၄/က)ခေမာသီလမ်း၊ (ဃ)ရပ်ကွက်၊ မအေးအေး(ခ) မအေးဝင်း[၁၂/ဥကမ(နိုင်)၀၃၀၃၁၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မအေးအေး(ခ) မအေးဝင်း(ဇနီး)သည် (၉-၂-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးဘုန်းညွန့် [၁၂/ဥကမ(နိုင်)၁၀၅၉၅၁] မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၅၅၆/၂၀၂၃/၉-၅-၂၀၂၃၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဝင်စာအမှတ်-၁၀၇၇၆/၂၁-၈-၂၀၂၄ ရက်စွဲဖြင့် မြေပြင်ရှိ (၂)ထပ်တိုက်ခံပျဉ်ထောင်(၁)လုံး+(၁)ထပ် အဆောက်အဦ(၁)လုံးရှိပြီး (၂)ထပ်တိုက်ခံပျဉ်ထောင်(၁)လုံးတွင် အရပ်ကတိဖြင့် ဝယ်ယူထားသူ ဦးကျော်ဆန်း နေထိုင်ခြင်းနှင့် ပတ်သက်၍ တာဝန်ယူကြောင်းနှင့် အရပ်ကတိဖြင့် ဝယ်ယူနေထိုင်သူ ဦးကျော်ဆန်းမှလည်း ဦးဘုန်းညွန့်၏ (ပိုင်ဆိုင်+အရောင်း) မြေပုံကူးလျှောက်ထားခြင်းအား သိရှိသဘောတူကြောင်း ဝန်ခံကတိတို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် ၅၆၂/ခ၊ မြေကွက်တည်နေရာ အမှတ်-(၅၆၂/ခ)၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်ကြည်လှ (S/KGN-၀၀၈၄၇၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ကြည်လှ(မိခင်)နှင့် ဦးတင်ငွေ(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ဖြူဖြူအေး [၁၂/ဥကတ(နိုင်)၁၂၈၀၀၁]၊ ဒေါ်သီသီအေး [၁၂/ဥကတ(နိုင်)၁၂၈၄၁၁]၊ ဒေါ်မိုးမိုးအေး [၁၂/ဥကတ(နိုင်)၁၂၈၁၆၅]၊ ဦးရဲလင်းထွန်း [၁၂/ဥကတ(နိုင်)၁၅၇၇၈၂]တို့မှ သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၅/၁၆၈၉/၂၀၂၄ (၃၀-၅-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၈၈၃)၊ ဧရိယာ(၀. ၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၈၈၃)၊ (၈၀) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁)ဒေါ်နွဲ့နွဲ့ဦး [၁၂/ဒဂန(နိုင်)၀၁၇၃၃၄] (၂) ဒေါ်ခင်မေလေး [၁၂/ဒဂန(နိုင်)၀၁၈၄၂၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်နွဲ့နွဲ့ဦး [၁၂/ဒဂန(နိုင်)၀၁၇၃၃၄] နှင့် ဒေါ်ခင်မေလေး[၁၂/ဒဂန(နိုင်)၀၁၈၄၂၄]တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၂၇၂၃၉/၂၀၁၄) (၃-၁၀-၂၀၁၄)ဖြင့် ရရှိသူ ဒေါ်နုနုလွင်[၁၂/တမန(နိုင်)၀၅၂၁၄၁]မှ အထူးကိုယ်စားလှယ်လွှဲစာ၊ အထူးကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ နှစ်(၆၀)ဂရန်တို့တင်ပြ၍ အရောင်း မြေပုံကူး လျှောက်ထားလာခြင်းအား (၂၀၁၅)ခုနှစ်တွင် ဦးနိုင်လင်းအောင်မှ ကန့်ကွက်စာတင်ပြခြင်းနှင့် ပတ်သက်၍ ဂရန်အမည်ပေါက် ဒေါ်နွဲ့နွဲ့ဦးနှင့် ဒေါ်ခင်မေလေးတို့မှ ဦးအောင်လှိုင်တိုးသို့ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၅၉၃/၁၄-၂-၂၀၁၄) လွှဲအပ်ခဲ့ပြီး ထပ်မံ၍ ဦးအောင်လှိုင်တိုးမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၅၈၄/၂-၅-၂၀၁၄)ဖြင့် ဦးနိုင်လင်းအောင်သို့ ကိုယ်စားလွှဲအပ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ဦးအောင်လှိုင်တိုးသို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းထားခြင်းရှိ/မရှိရှင်းလင်းရန်အကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ ဝင်စာ-၁၈၈/၃-၁-၂၀၂၄ဖြင့် ဦးအောင်လှိုင်တိုးသို့ လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းခြင်းရှိ/မရှိ မသိရှိကြောင်း တင်ပြလာပြီး ဦးအောင်လှိုင်တိုးမှလည်း ဝင်စာ-၁၀၁၁၅/၆-၈-၂၀၂၄ဖြင့် ဂရန်အမည်ပေါက် ဒေါ်နွဲ့နွဲ့ဦး၊ ဒေါ်ခင်မေလေးမှ ၎င်းသို့ ပေးထားသော အထူးကိုယ်စားလှယ် ရုပ်သိမ်းပြီးဖြစ်ပါကြောင်း SP ဒေါ်နုနုလွင် မြေပုံကူးခြင်းကို ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြထားသဖြင့် ဒေါ်နွဲ့နွဲ့ဦး၊ ဒေါ်ခင်မေလေးထံမှ အထူးကိုယ်စားလှယ်လွှဲ ရသူ ဒေါ်နုနုလွင်မှ အရောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၁-လမ်း၊ အမှတ် (၉၄)၊ မြေညီထပ်၊ (တိုက်ကိုမျက်နှာမူလျှင် - ညာဘက်)၊ အကျယ်အဝန်း ( ၁၅ ပေ x ၅၀ ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဘီလာလ် (ခ) ဦးခင်မောင်လတ် [၁၂/သဃက(နိုင်)၁၃၈၃၄၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ဆင်ရေတွင်း(၂)လမ်း၊ တိုက်အမှတ် (၃၅)၊ (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦမှ (တတိယထပ်-4-B/ခြေရင်းခန်း)၊ တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ဝင်း [၁၂/ရကန(နိုင်)၀၄၈၈၉၅] ထံမှ ဦးသန့်ထူးအောင် [၇/ပခန(နိုင်)၂၉၉၇၄၇] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန့်ထူးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ သာယာကုန်း(ရှမ်း)ရွာ(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃-သမိုင်း)၊ မြေကွက်အမှတ်(၆/ဈ)၊ အိမ်အမှတ်(၆/ဈ)၊ (၀.၀၄၈)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ အိမ်ခြံမြေကွက်ကို တရားဝင်လက်ဝယ်ထားလက်ရှိပိုင်ဆိုင်လျက်ရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်ခိုင်ဦး [၁၂/တမန(နိုင်)၀၆၁၁၀၂] ထံမှ ဒေါ်ဥမ္မာသော် [၉/မထလ(နိုင်)၁၇၈၆၄၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာသော် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သုတ(၃) လမ်း၊ မြေကွက်အမှတ်(၄၁၁/က)၊ မြေအကျယ်အဝန်း(၁၀ပေ x ၆၀ပေ)၊ မြေကွက်အမှတ်(၄၁၀)နှင့် ကပ်လျက်ဘက်အခြမ်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်သိန်း(AC-၀၀၆၇၉၅)အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးရွှေသိန်း[၁၄/ဟသတ(နိုင်)၁၀၀၉၀၀] သည် "နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များ" ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄ )ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၄၉၈)** |

**တရားလွှတ်တော်ရှေ့နေ ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး(LL.B)(စဉ်-၅၆၆၆၂)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ငွေ
### အင်ဂျင်နီယာ (တ) စက်မှု (ငြိမ်း)
## အသက် (၈၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ မ/၃၃ နေ (ဦးအောင်ပိုင်-ဒေါ်မော်)တို့၏သား၊ (ဦးပန်းညို-ဒေါ်အေး)တို့၏ သားသမက်၊ ဒေါ်ခင်နွယ်၏ ခင်ပွန်း၊ ဒေါက်တာကျော်သူ-ဒေါက်တာလှမြတ်နိုင်၊ ဦးညွန့်ဦး- ဒေါ်ခင်အေးမော်၊ ဒေါက်တာအောင်သူ - ဒေါက်တာစန္ဒာမြင့်တို့၏ ဖခင်သည် ၂၈-၉-၂၀၂၄(စနေနေ့) နံနက် ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂ - ၁၀ - ၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်ဝင်း
### B.Sc(Phys;)H.G.P,R.L
### ဟိုတယ်ခရီး စား/ဖျော်(ငြိမ်း)
### တရားလွှတ်တော်ရှေ့နေ
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉)၊ သုံးမြောင့်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစောလွင်-ဒေါ်ခင်လှ)တို့၏ သား၊ [ဦးခင်မောင်ချို(အာကာထွန်း ကုမ္ပဏီလီမိတက်)-ဒေါ်သန်းကြည်]တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ချို၏ခင်ပွန်း၊ ဦးအောင်ထွဋ်မင်း-ဒေါ်ဟယ်လင်၊ ဦးဇော်လင်းထွဋ်-ဒေါ်တင်ဇာဝင့်တို့၏ဖခင်၊ မြေး မအိမြတ်မွန်၊ မမေသွန်းခတို့၏ အဘိုးသည် ၃၀-၉-၂၀၂၄ နံနက် ၃:၀၀ နာရီတွင် ၉၆ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၂-၁၀-၂၀၂၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၀၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်းမြင့်
## အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၆)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်းနေ (ဦးညွန့်မောင်-ဒေါ်သန်းစိန်)တို့၏ သမီး၊ ဦးဝင်းမောင်-ဒေါ်မြင့်မြင့်ကြည်တို့၏ ညီမ၊ (ဦးကျော်မြင့်)၏ ချစ်လှစွာသောဇနီး၊ ကိုတင်ကိုကိုဦး-မငြိမ်းငြိမ်းဝင်းတို့၏ မွေးသမိခင်၊ မအိမ့်မြတ်ငြိမ်း၊ မခင်စန္ဒီတင်တို့၏ ဘွားဘွားကြီးသည် ၂၈-၉-၂၀၂၄ (စနေနေ့) ညနေ ၆:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကျောက်မြောင်းမှ ကားများ မွန်တည့် ၁၂ နာရီနှင့် အမှတ်(၁၈)၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၂၄ (သောကြာနေ့) နံနက် ၈နာရီ မှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်(၁၈)၊ ကျောက်ကုန်းလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် ညွှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းလွင်ဦး (မောင်ပြည့်ဝ)
## အသက် (၃၉) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ အမှတ်(၃/၃၃)နေ [ဦးမောင်မောင်-ဒေါ်ခင်ရီ(ခ)ဒေါ်ခင်တုတ်]၊ (ဗိုလ်မှူး လှမောင်- ဒေါ်တင်တင်)တို့၏ မြေး၊ [ဦးမင်းသွင်(ခရိုင်ဥပဒေအရာရှိ)-ဒေါ်ခင်ဆွေဝင်း]တို့၏ သား၊ မခင်စုလှိုင်(မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၏ ချစ်လှစွာသော ခင်ပွန်း၊ မသီရိဝင်းလွင်၏ ဖခင်သည် ၂၉-၉-၂၀၂၄ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁-၁၀-၂၀၂၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေခြင်းအကျိုးငှာ ၅-၁၀-၂၀၂၄(စနေနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့ အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ အမျှပေးဝေလိုပါသောကြောင့် "အထက်ပါနေအိမ်" သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ( ၄၅၇ )၊ ၆-လွှာ(A)၊ တိုက်မျက်နှာမူလျှင် ( ဝဲ )ဟုခေါ်တွင်သည့် တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို အဆောက်အအုံ ကန်ထရိုက်တာထံမှ တရားဝင် ဝယ်ယူ ပိုင်ဆိုင်ခဲ့သော **ဒေါ်ခင်မူမူ(အေ/အာဂျီအန်-၀၀၆၂၆၅)**၏ အထူးကိုယ်စားလှယ်လွှဲစာ (Notary)ရရှိထားသူ **ဒေါ်ဥမ္မာ (MTNT- ၀၁၆၄၃၇)**ထံက (၃၁-၈-၂၀၀၃)ရက်နေ့တွင် ထပ်မံ ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်မြင့်မြင့်ကြည် (NBN-၁၆၈၁၁၃) [၁၂/ဗဟန (နိုင်) ၀၃၁၀၁၂]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ ( ၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဥ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဥ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဥ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ငမိုးရိပ်)၊ လူနေရပ်ကွက်အမှတ် (-)၊ မြေကွက်အမှတ် (၇၀၁)၊ ငမိုးရိပ် (၃) လမ်း၊ အပိုင်း (၄)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ရင်ရင်မြတ် [၁၂/သဃက (နိုင်) ဝ၅ဝ၄၃၄] အမည်ပေါက်လျက်ရှိသော နှစ် (၆၀) မြေငှားဂရန် (အလျား ၂၅ပေ x အနံ ၅၀ပေ) ရှိ မြေကွက် (မြေရှင်အကျိုးခံစားမှု အရပ်ရပ်) နှင့် ၎င်းမြေပေါ်ရှိ (အလျား ၂၃ပေ x အနံ ၅၀ပေ) ရှိ (၆)ထပ်တိုက်၏ (မြေညီ + မှန်ခန်း) တွဲလျက် အကျယ်အဝန်း (၂၃ပေx ၅၀ပေ) ရှိ တိုက်ခန်း၊ ၎င်းတိုက်ခန်း၏ မီတာ၊ ရေမော်တာ/ရေစက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စန်းစန်းဦး [၁၂/သဃက(နိုင်)ဝ၅၁၄၇၀] မှ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံသဖြင့် ဒေါ်ဆုသိင်္ဂီအောင် [၁၁/မအန(နိုင်)ဝ၃၃ဝ၄၄] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုသိင်္ဂီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးနန္ဒာအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၇၄၄၃)**
**အမှတ် (၄၉၉)၊ ငမိုးရိပ် (၅)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၄၄၀၉၁၆၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ တိုက်အမှတ် (၃၆)၊ အကျယ်အဝန်း(၁၅ ပေ x ၆၀ပေ)ရှိ ၅-လွှာ (ခေါင်းရင်းခန်း)၊ ရေမီးအစုံ အလင်ပါဝင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်ဝေဝေနိုင် [၉/တသန(နိုင်)၀၃၉၄၆၇] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများ တင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ် - ၁၁၃၄၆/၂၀၁၆)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ - ၄၃၁၉၇၆၃၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

**ဒေါ်နီလာ [၁၂/မဂတ (နိုင်) ၀၀၂၇၆၄]**၏ သမီးဖြစ်သူ **မခိုင်မြတ်သွယ်ထွန်း [၁၂/ပဇတ (နိုင်) ၀၄၀၄၉၇]**သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်အား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲစေသော အပြုအမူများ ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မိခင်ဖြစ်သူ **ဒေါ်နီလာ**မှနောက်နောင် ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်ဖြစ်သူ ဒေါ်နီလာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ဘော် (စဥ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဥ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဥ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၄/ရွှေပေါက္ကံ၊မြေကွက်အမှတ်-၈၀၊(၂၄၀၀၈/ပေ)၊မြေကွက်တည်နေရာအမှတ်(၈၀)၊အင်းဝလမ်း၊ ၁၄/ရွှေပေါက္ကံရပ်ကွက်၊ဦးသန်းဝင်းနိုင်(၉/စတန(နိုင်)၀၃၁၇၂၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဦးသန်းဝင်းနိုင်(ခင်ပွန်း)သည်(၁၃-၅-၂၀၂၁)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဒေါ်ချိုချိုသန်း(၁၂/ဥကမ(နိုင်)၀၀၄၂၉၄)မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျမ်းကျိန်လွှာအမှတ်(၁၁၈၃/၂၀၂၄/၁၀-၄-၂၀၂၄)ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အိမ်ထောင်စုစာရင်း၊သေစာရင်း၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကျေးဇူးတင်လွှာ

၂၃-၉-၂၀၂၄ (တနင်္လာနေ့) ည ၇ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ဒေါ်တင်မာရီ (ခ) Melody Myint Toon ၏ နာရေးတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (MISIS) မှ လုပ်ဖော်ကိုင်ဖက်များ၊ English Methodist High School (MEHS) မှ ငယ်သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများ၊ Diplomatic School Yangon (DSY) ကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ရပ်ကျေးရုံးနှင့်အိမ်သို့ လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်းနှင့် လူမှုကွန်ရက်တို့မှတစ်ဆင့်လည်းကောင်း နာရေးကိစ္စအဝဝ ကူညီဆောင်ရွက်ပေးခဲ့သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၉)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ မြေကွက်အမှတ်-၉၆၅/ခ၊အကျယ်အဝန်း အလျား၂၀ပေxအနံ၆၀ပေရှိ ဦးအုန်းကြင်[၁၂/သကတ(နိုင်)၀၂၃၉၃၁] အမည်ပေါက်နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိနှစ်ထပ်ပျဉ်ထောင်အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကွယ်လွန် သူ(ဦးအုန်းကြင်+ဒေါ်မြစန်းရီ)တို့၏ သားရင်း၊သမီးရင်းများဖြစ်ကြပြီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်၍ ရောင်းချခွင့်ရှိသည်ဟုဝန်ခံကတိပြုကြသော ဦးအောင်ကျော်မိုး [၁၂/သကတ(နိုင်)၀၂၃၄၇] နှင့်ဒေါ်မြတ်မြတ်မိုး[၁၂/သကတ(နိုင်) ၁၂၆၃၄၆] တို့မောင်နှမ(၂)ဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သည့်ဒေါ်သင်းသီရိဇာ[၁၂/ဥကတ(နိုင်)၁၆၀၅၄၄]က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်သင်းသီရိဇာ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြသီတာ LL.B (စဥ်-၁၁၉၀၁)** **ဒေါ်အေးသန္တာမင်းအောင် LL.B,D.B.L (စဥ်-၁၁၉၀၄)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၈၊ စံပြ (၄)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၁၀၇၂၄၉၄**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-FMI-7၊ မြေကွက်အမှတ် (၅၄၃)၊ ဧရိယာ(၀.၁၇)ဧက၊ မြေကွက်တည်နေရာအမှတ်(0.33)၊ ဗင်ဒါသစ်ခွလမ်း၊ (၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးစောအောင် (ခ)ချိုဆူးချိန် [၉/မရမ (နိုင်) ၀၅၆၆၁၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစောအောင် (ခ)ချိုဆူးချိန် [၉/မရမ(နိုင်)၀၅၆၆၁၃]မှ နှစ်(၆၀)မြေ ငှားဂရန်မူရင်းမှာ ၎င်းလက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသို မှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်း ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းမှာ ၎င်းလက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသို မှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်းနှင့် အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)



ရန်ကုန်ယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်တို့ ယှဉ်ပြိုင်နေစဉ်။

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရ

နေပြည်တော် စက်တင်ဘာ ၃၀

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၆ နောက်ဆုံးနေ့ကို စက်တင်ဘာ ၃၀ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်နိုင်ပွဲရခဲ့သည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ အဆင့် ၄ နေရာမှ ဒဂုံစတားအသင်းနှင့် တွေ့ဆုံသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်နိုင်ပွဲရယူပြီး တစ်ပွဲလျော့ တစ်မှတ်အကွာသို့ ရောက်ရှိလာသည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၅၊ ၇၂ မိနစ်တွင် စိုင်းဇေယျာကျော်၊ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○

## မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း စတင်လေ့ကျင့်

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် နိုဝင်ဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ အာဆီယံ အမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် စက်တင်ဘာ ၃၀ ရက်မှစ၍ စတင်လေ့ကျင့်လျက်ရှိသည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ပထမဆုံးကျင်းပမည့် အာဆီယံ အမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်နေပြီး ပဏာမ ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❋



မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

## တိုက်စစ်မှူး ဂရစ်ဇ်မန်း ပြင်သစ်နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ပြီ



ပြင်သစ်တိုက်စစ်မှူး အန်တိုနီဂရစ်ဇ်မန်းဟာ နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ပြီ ဖြစ်ပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ပြင်သစ်နိုင်ငံအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၁၃၇ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးစုစုပေါင်း ၄၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားချန်ပီယံ ဖြစ်ခွင့်ရရှိရေး စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမား တစ်ဦးလည်းဖြစ်ပါတယ်။ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင် စာမျက်နှာ » ၁၁

နီပေါနိုင်ငံ၌ ရေကြီးမြေပြိုမှုများကြောင့် ၁၉၂ ဦး သေဆုံး စာမျက်နှာ » ၁၃

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား လွှဲပြောင်းပေးအပ် စာမျက်နှာ » ၁၄